# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်　　၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ သောကြာနေ့　　အတွဲ (၆၂)၊ အမှတ် (၀၃၅)


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒွါဒသမအကြိမ်၊ (၁၂) ကြိမ်မြောက် မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒွါဒသမ အကြိမ်၊ (၁၂) ကြိမ်မြောက် မဟာဘုံကထိန် အလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနော်ရထာ ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ တက်ရောက်၍ ကထိန်လျာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ၊ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျာကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ

စာမျက်နှာ ၃ ကော်လံ ၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်း ကန်ဦးကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသ ထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။


**ယနေ့ ဖတ် စ ရာ**

**နိုင်ငံရေးရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော ပြည်သူ့အုပ်ချုပ်ရေး ...** ဆောင်းပါး စာ - ၁၆

**ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားငွေဖြင့် ရရှိသည့် လစာဝင်ငွေအား တရားဝင်လွှဲပြောင်းပေးပို့၍ အခွန်ဆိုင်ရာ အကျိုးခံစားခွင့်များကို ရယူပါ** ဆောင်းပါး စာ - ၁၈

**ဇလွန်မြို့မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးတွင် မသိုးသင်္ကန်းကပ်လှူပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်** ပြည်တွင်းသတင်း စာ - ၂၂

# မွေးမြူရေးလုပ်ငန်းများ စနစ်တကျလုပ်ကိုင် ဇီဝမြေသြဇာများ ထုတ်လုပ်ရန်ကြိုးပမ်း

လယ်ယာစိုက်ပျိုးရေးကဏ္ဍ သီးနှံအထွက်တိုးတက်ရေးအတွက် လိုအပ်သည့် သွင်းအားစုများတွင် မြေသြဇာကို လုံလုံလောက်လောက် ရရှိအသုံးပြုနိုင်ရေးက လွန်စွာအရေးပါသည်။ မိမိတို့နိုင်ငံတွင် စိုက်ပျိုးသည့် သီးနှံအမယ်စုံအနက် စပါးသီးနှံက မြေသြဇာသုံးစွဲမှုပမာဏအများဆုံးဖြစ်သည်။ ယခုနှစ် စိုက်ပျိုးရာသီတွင် ဆော င်းသီးနှံ ပဲတီစိမ်းကောင်းသိန်းနှင့် နွေစပါးကော ရှစ်သိန်းခွဲတို့ စိုက်ပျိုးသွားမည်ဖြစ်ရာ အရေးကြီးသော သွင်းအားစုဖြစ်သည့် မြေသြဇာရရှိရန်လည်း လိုအပ်လာသည်။

"ဓာတ်မြေသြဇာများနှင့် စက်သုံးဆီများ လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မြေသြဇာသည် အရေးကြီးလိုအပ်ချက်ဖြစ်ကြောင်း၊ ပြည်တွင်း၌ မြေသြဇာများ ထုတ်လုပ်နိုင်ရေးနှင့် ဇီဝမြေသြဇာများ ရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူ၍လည်း ဇီဝမြေသြဇာများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း" နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂) သို့ တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးအဓိကနိုင်ငံ ဖြစ်သော်လည်း ပြည်တွင်းသုံးစွဲရန် လိုအပ်သည့်ဓာတ်မြေသြဇာပမာဏကို ပြည်တွင်း၌ လုံလောက်အောင် ထုတ်လုပ်နိုင်ခြင်းမရှိသည့်အတွက် ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည်။ ထို့အပြင် ဒေသတွင်း နိုင်ငံအချို့နှင့် နှိုင်းယှဉ်ချက်အရ မြန်မာနိုင်ငံတွင် ဓာတ်မြေသြဇာဈေးနှုန်းမှာ ကြီးမြင့်နေပြီး ယင်း၏အကျိုးဆက်အနေဖြင့် သီးနှံအတွက်လိုအပ်သည့် ပမာဏကို အချိုးကျထည့်သွင်းနိုင်ခြင်းမရှိကြောင်း၊ စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ထွက်ရှိရန် ယူရီးယား၊ တီစူပါ၊ ကွန်ပေါင်း/ပိုတက်ရှ်ဓာတ်မြေသြဇာသုံးအိတ်နှုန်း သုံးစွဲရန်လိုအပ်ကြောင်းနှင့် သီးနှံအထွက်တိုးရေးနှင့် ရေ၊ မြေ အရည်အသွေးထိန်းသိမ်းရေးအတွက် သဘာဝမြေသြဇာ ဇီဝမြေသြဇာများ ထုတ်လုပ်သုံးစွဲရန်လိုအပ်ကြောင်း လေ့လာချက်များတွင် ဖော်ပြထားသည်။

စင်စစ်အားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့မှာ အပြန်အလှန် မှီခိုဆက်စပ်နေပြီး စနစ်တကျ၊ တွင်တွင်ကျယ်ကျယ်ဆောင်ရွက်နိုင်သည်နှင့်အမျှ ပိုမို၍ အကျိုးဖြစ်ထွန်းနိုင်သည့် လုပ်ငန်းများဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ကောက်ရိုး၊ နှမ်းရိုး၊ စပါးခွံ၊ ပဲခွံ၊ နေကြာပွင့်ဖတ်၊ ပြောင်းဖူးအူတိုင်၊ ပြောင်းဖူးဖတ် စသည့်ဘေးထွက်ပစ္စည်းများ၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်လာသည့် နွားချေး၊ ကျွဲချေး စသည့်တိရစ္ဆာန်စွန့်ပစ္စည်းများ စသည်တို့မှာ သဘာဝမြေသြဇာ၊ ဇီဝမြေသြဇာများ ပြုလုပ်နိုင်သည့် အခြေခံပစ္စည်းများပင်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တစ်ဦးတည်းဖြစ်စေ၊ အကျိုးတူပူးပေါင်း၍ဖြစ်စေ၊ သမဝါယမစနစ်ဖြင့်ဖြစ်စေ ပေါင်းစပ်လုပ်ကိုင်ကြခြင်းအားဖြင့် ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ် (ပထမနှစ်ဝက်) ဝင်ခွင့်ရသူများစာရင်း သက်ဆိုင်ရာတက္ကသိုလ်များ၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ဝက်ဘ်ဆိုက်တို့တွင် ကြေညာမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

၁။ ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ် (ပထမနှစ်ဝက်) ဝင်ခွင့်ရသူများစာရင်းကို (၃-၁၁-၂၀၂၂) ရက်တွင် သက်ဆိုင်ရာတက္ကသိုလ်များ၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းများကို (၂၁-၁၁-၂၀၂၂) ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်များတွင် (၁၀-၁၁-၂၀၂၂) ရက်မှ (၉-၁၂-၂၀၂၂) ရက်အထိ (စနေနှင့်တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

## မိမိနိုင်ငံနှင့် မိမိဒေသအတွက် အားကိုးရသည့် ခေတ်ပညာတတ်များဖြစ်စေရန် အသိပညာများ လေ့လာသင်ယူကြရမည်

**နေပြည်တော် နိုဝင်ဘာ ၃**

မိမိနိုင်ငံနှင့် မိမိဒေသအတွက် အားကိုးအားထားရသည့် ခေတ်ပညာတတ်လူငယ်များ ဖြစ်စေရန်နှင့် အတတ်ပညာအသိပညာများကို လေ့လာသင်ယူကြရမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းကို ပြီးမြောက်အောင် သင်ယူကြစေလိုကြောင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ပြောကြားသည်။ **(ယာပုံ)**



ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပညာရေးဘွဲ့ (B.Ed) (၅)နှစ် သင်တန်းအမှတ်စဉ်(၁၀)သင်တန်းနှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ပထမ) နှစ် (ရန်ကုန်၊ စစ်ကိုင်း) သင်တန်းသို့ တက်ရောက်မည့် သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့သည်။

ထို့နောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအုန်းကြိုင်နှင့် ဒေသအဆင့်ပညာရေးမှူး ဦးခင်ဇော်ထွန်းတို့က သင်တန်းသား သင်တန်းသူများကို အမှာစကားများ ပြောကြားသည်။

ယင်းနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ သင်တန်းသား သင်တန်းသူများအား နှုတ်ဆက်အားပေးစကားပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းများသို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ သင်တန်းသား သင်တန်းသူ ၃၁ ဦး တက်ရောက် သင်ကြားမည်ဖြစ်သည်။

**သတင်းစဉ်**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ်များကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး (Edu- tainment) အစီအစဉ်များကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာအဆင့် (မူလတန်းနှင့်အလယ်တန်း) အဆင့်များမှ စတင်၍ အသိပညာပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထက(ရေဆင်း)၌ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကော်မရှင်မှ ထုတ်ဝေဖြန့်ချိခဲ့သည့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာအချို့နှင့် ပညာပေး (Edu- tainment) အစီအစဉ်ပါ အကြောင်းအရာများကို ဖော်ပြဆွေးနွေးဆောင်ရွက်ခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါကြီးကြပ်စစ်ဆေးပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာ စာအုပ်များ၊ လက်ကမ်း စာစောင်များနှင့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေး အမှတ်တံဆိပ်ပါ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဆောင်တိုင်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ တန်ဆောင်တိုင်ပွဲတော်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

○ *ရှေ့ဖုံးမှ*

ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဒေသခံဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီး တို့ ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီးတို့ ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

**ကိုးပါးသီလခံယူ**

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

**ကထိန်လျာသင်္ကန်းဆက်ကပ်**

ဆက်လက်၍ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က နေပြည်တော်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသ ထံ ကထိန်လျာ သင်္ကန်းကိုလည်းကောင်း၊ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

### လှူဖွယ်ပစ္စည်းလှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် ဇနီးတို့က ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

### အမေးအဖြေများဆောင်ရွက်

ယင်းနောက် ရေဆင်းကန်ဦးကျောင်းတိုက်မှ ဂဏဝါစက စာချဆရာတော်များ ဖြစ်ကြသည့် အရှင်ဝါယမနှင့် အရှင်ဇဝန တို့က ကထိန် အမေးအဖြေများကို ဆောင်ရွက်တော်မူကြသည်။

### ရေစက်သွန်းလောင်း အမျှပေးဝေ

ဆက်လက်၍ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

### နေ့ဆွမ်းဆက်ကပ်

ထို့နောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းပြီး မဟာဘုံကထိန် အလှူတော် မင်္ဂလာ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။ အခမ်းအနားအပြီးတွင် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးတို့ ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး နှင့် ဇနီးတို့ ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

### ၁၇၁၃ သိန်းကျော် လှူဒါန်း

ယနေ့ ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒွါဒသမ အကြိမ်၊ (၁၂) ကြိမ်မြောက် မိသားစုမဟာဘုံကထိန် အလှူတော် မင်္ဂလာအခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင် စုစုပေါင်း ၈၄ ပင်၊ တန်ဖိုးငွေကျပ် ၁၇၁၃ သိန်းကျော် ပါဝင်လှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကာကွယ်ရေး ဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီးတို့ ဆရာတော်ထံ ကထိန် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ် လှူဒါန်းစဉ်။

# အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ လေ့လာရေးခရီးစဉ်သွားရောက်



**နေပြည်တော် နိုဝင်ဘာ ၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ် ရေးရာဦးစီးဌာနသည် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိရာ လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ သိပ္ပံနည်းပညာ၊ လူမှုရေးစသည့် လူငယ်ကဏ္ဍများတွင် ပိုမိုဖြည့်ဆည်းမြှင့်တင်ဆောင် ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်းရှိ အ.ထ.က(၇) နေပြည်တော်၊ အ.ထ.က(၉) နေပြည်တော်၊ အ.ထ.က(၁၀) နေပြည်တော်ကျောင်းများမှ ကျောင်းသားကျောင်းသူများကို ယနေ့မွန်းလွဲပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ လေ့လာရေးခရီးစဉ်အဖြစ် စီစဉ်ဆောင်ရွက်ပေးသည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မှတ်တမ်း (မော်ကွန်းသစ်) ဗီဒီယိုပြသခြင်း၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန Fitness Dance သရုပ်ပြအဖွဲ့မှ သရုပ်ပြသခြင်းနှင့် ကျောင်းသား လူငယ်များအား အဖွဲ့များခွဲ၍ နည်းပြများနှင့်အတူ Fitness Dance စုပေါင်းကစားခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ မြန်မာ့အားကစားလှုပ်ရှားမှုများ ပြခန်း (အားကစားပြတိုက်နှင့် ပြခန်း) ကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၁၆) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သော မကွေးတိုင်းဒေသကြီး အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားခဲ့မှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်း တိုးတက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော်   နိုဝင်ဘာ   ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ခြင်း၊ ဥယျာဉ်တော် တည်ဆောက်ခြင်းနှင့် ကျောက်စာရုံစေတီများ တည်ထားကိုးကွယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းတိုးတက်မှု အခြေအနေများကို ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသော အဆောက်အဦပုံစံငယ်များကို ကြည့်ရှုစဉ်။

### အသီးသီးရှင်းလင်းတင်ပြ

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများကို ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်း၊ ပင့်တင်ခြင်းနှင့် ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ခြင်းများဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိက အဆောက်အဦများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှုအခြေအနေများကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာတော်များကို ဆရာတော်ကြီးများ၏ လမ်းညွှန်သြဝါဒများ ခံယူပြီး အဆင့်ဆင့်စိစစ်၍ စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရေးထိုးပူဇော်လျက်ရှိသည့် အခြေအနေများနှင့် အလှူငွေကောက်ခံရရှိမှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

> ❑ **“မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပ ဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက် စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန် စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်**

### အသေးစိတ်မှာကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ရေး ဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး ပွင့်လင်းရာသီရောက်လာပြီဖြစ်၍ ပတ်ဝန်းကျင် စိမ်းလန်းသာယာမှုဆောင်ရွက်ရေးနှင့် လုပ်ဆောင်ရန်ကိစ္စရပ်များ စနစ်တကျတွက်ချက်ဆောင်ရွက်ရန် အသေးစိတ်မှာကြားသည်။

### မှတ်တမ်းဗီဒီယိုကို ကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးများထံမှ သြဝါဒများခံယူ၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိမှု၊ ပိဋကတ်ကျမ်းစာတော်များ ရေးထိုးပူဇော်နေမှုနှင့် ကျောက်စာရုံများ တည်ဆောက်နေမှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။ ဆက်လက်၍ ခင်းကျင်းပြသထားသော အဆောက်အဦပုံစံငယ်များနှင့် ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက် ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ထားသော ပိဋကတ်ကျမ်းစာအုပ်နမူနာများကို ကြည့်ရှုကြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော် တည်ဆောက်ပြီးစီးမှု၊ ချောင်းဖြောင့်မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ကျောက်စာရုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှု၊ သုဓမ္မာဇရပ်များ တည်ဆောက်ပြီးစီးမှုနှင့် မုစလိန္ဒအိုင် တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

အဆိုပါ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓ သာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်** စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် စကျင်ကျောက်တော်ကြီးမှ ထွက်ရှိလာနိုင်သည့် အတိုင်းအတာ၊ ထုထည်နှင့် အပြစ်အနာအဆာရှိမှုများအား သိရှိနိုင်ရန် X-Ray ရိုက် စမ်းသပ်စစ်ဆေး၍ ဉာဏ်တော်နှင့် ပလ္လင်တော်များ ထုဆစ်ရရှိနိုင်မည့် အခြေအနေများကို လေ့လာတွက်ချက်ခဲ့ပြီး စကျင်ကျောက်တော်ကြီး တည်ရှိရာ မတ္တရာမြို့နယ် စကျင်တောင်မှ ဆီမီးခုံဆိပ်ကမ်းအထိ ရေလမ်းကြောင်းဖြင့် လည်းကောင်း၊ ထိုမှတစ်ဆင့် မန္တလေး-ရန်ကုန် အမြန်လမ်းအတိုင်း နေပြည်တော်သို့ Modular Trailer များဖြင့်လည်းကောင်း အခက်အခဲများစွာကြားမှ ပင့်ဆောင်ခဲ့ရခြင်းဖြစ်ကာ နေပြည်တော်သို့ ရောက်ရှိလာသည့် ကျောက်တုံးတော်ကြီးများကို အဆင့်မြင့်နည်းပညာဖြစ်သည့် CNC Machine များဖြင့် ပုံဖော်ထုဆစ်ခြင်းလုပ်ငန်းများကို ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီစက်ကိရိယာများဖြင့် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီး ထုဆစ်နေသည့်နည်းတူ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ ကျင်းပပြုလုပ်နိုင်မည့် သံဃာအပါး ၁၂၀၀ နှင့် လူပရိသတ်များ ဝင်ဆံ့နိုင်သော သာသနာ့ဗိမာန်တော်ကြီး အပါအဝင် အခြားသော သာသနိက အဆောက်အဦများစွာကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိပြီး ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါ သိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိကာ ထုဆစ်ပြီးစီးသည့် ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်ကပါဌ်တော်လာ ပိဋကတ်သုံးပုံ အဋ္ဌကထာဋီကာ ကျမ်းစာများကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်လျက်ရှိပြီး ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်း လေ့လာနာယူကြည်ညိုနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်းနှင့် ယခုတည်ထားကိုးကွယ်လျက်ရှိသည့် **"မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး" အား တည်ထားကိုးကွယ်ပြီးစီးပါက မြန်မာတွင် သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ စကျင်ကျောက်တော်ကြီးဖြင့်** ထုဆစ်သည့် ဆင်းတုတော်ကြီးများ အနက် အကြီးဆုံးနှင့် ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကျောက်စာရုံများ တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစဉ်။

**❖ "မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး" အား တည်ထားကိုးကွယ်ပြီးစီးပါက မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ စကျင်ကျောက်တော်ကြီးဖြင့် ထုဆစ်သည့် ဆင်းတုတော်ကြီးများအနက် အကြီးဆုံးနှင့် ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်လာမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက် ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ထားသော ပိဋကတ်ကျမ်းစာအုပ်နမူနာများကို ကြည့်ရှုစဉ်။

## ရှမ်းပြည်နယ်တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ **မိုး/ဇလ**

## ရွှေတောင်မြို့နယ်၌ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**ရွှေတောင် နိုဝင်ဘာ ၃**

ရွှေတောင်မြို့နယ် အခြေခံပညာကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ (ဆင့်ပွား) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (ရတနာ) ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်ခရိုင်ပညာရေးမှူး ဒေါ်စန်းစန်းဝင်းက အမှာစကားပြောကြားပြီး ရွှေတောင်မြို့နယ် မြို့နယ်ပညာရေးမှူး ဦးကျော်ဦး က အခြေခံပညာကျောင်းများ၏ သင်ကြား/သင်ယူမှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရန်၊ အခြေခံပညာကျောင်းအုပ်ကြီးများ၏ စီမံခန့်ခွဲမှုနှင့်စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်၊ စီမံ၊ ဘဏ္ဍာ၊ ပညာ၊ စစ်ဆေးရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၇၉ ကျောင်းမှ ကျောင်းအုပ် ဆရာကြီး၊ ဆရာမကြီး ၁၇၉ ဦးတို့အား နှစ်ရက်ကြာ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)


မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပြီးစီးမှုကို ၅-၈-၂၀၂၂ ရက်က တွေ့ရစဉ်။


မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပြီးစီးမှုကို ၂၈-၁၀-၂၀၂၂ ရက်က တွေ့ရစဉ်။


ကျောက်စာစေတီ တည်ဆောက်ခြင်းလုပ်ငန်း ၂၀၂၂ ခုနှစ် ဩဂုတ်လ ဆောင်ရွက်ပြီးစီးမှု။


ကျောက်စာစေတီ တည်ဆောက်ခြင်းလုပ်ငန်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဆောင်ရွက်ပြီးစီးမှု။


မုစလိန္ဒအိုင်နှင့် နဂါးရုံဘုရား တည်ဆောက်ခြင်းလုပ်ငန်း ၂၀၂၂ ခုနှစ် ဩဂုတ်လ ဆောင်ရွက်ပြီးစီးမှု။


မုစလိန္ဒအိုင်နှင့် နဂါးရုံဘုရား တည်ဆောက်ခြင်းလုပ်ငန်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဆောင်ရွက်ပြီးစီးမှု။


၂၀၂၂ ခုနှစ် ဩဂုတ်လ ရင်ပြင်တော်ရှိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု။


၂၀၂၂ ခုနှစ် နိုဝင်ဘာလ ရင်ပြင်တော်ရှိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု။


ကျောင်းဆောင်တော် တည်ဆောက်ခြင်းလုပ်ငန်း ၂၀၂၂ ခုနှစ် ဩဂုတ်လ ဆောင်ရွက်ပြီးစီးမှု။


ကျောင်းဆောင်တော် တည်ဆောက်ခြင်းလုပ်ငန်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဆောင်ရွက်ပြီးစီးမှု။

**❖ နိုင်ငံတော်အနေဖြင့် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုခြင်းနှင့် ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ခြင်းတို့ကို မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်၊ နိုင်ငံကို အဘက်ဘက်မှ ရန်လိုဖိအားပေး လုပ်နေသည့် ကာလအတွင်း နိုင်ငံ၏တာဝန်များကို ကျရာကဏ္ဍများမှ ထူးကဲစွာ အသက်ပေးဆောင်ရွက်ကြသော နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ မကျန်ရှိစေရန်လည်း စိစစ်ဆောင်ရွက်သွားကြရမည်**

**❖ နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းခံရမည့် ပုဂ္ဂိုလ်များ၏ အရည်အချင်းသည် သားစဉ်မြေးဆက် ဂုဏ်ယူဝင့်ကြွားနိုင်သော ထိုက်တန်သည့် စွမ်းဆောင်ရည်များကိုသာ ချီးမြှင့်ခံရခြင်းမျိုးဖြစ်စေရန် ဝိုင်းဝန်းဆွေးနွေးကြစေလို**

❂ *ကျောဖုံးမှ*

စိစစ်ရေးအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံတော်အတွက် ထူးကဲစွာ အကျိုးဆောင်သူများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များ ထမ်းဆောင်ရာတွင် မိမိကိုယ်ကျိုးကို မငဲ့ကွက်ဘဲ အသက်ခန္ဓာစွန့်လွှတ်ပြီး ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်ခဲ့ကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအပါအဝင် ပြည်သူ့ဝန်ထမ်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်(၁၂)မျိုး ချီးမြှင့်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ စိစစ်တင်ပြပေးရန် လိုအပ်ကြောင်း။

## ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး ချီးမြှင့်မည်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ဆောက်ရာတွင် ကဏ္ဍပေါင်းစုံမှ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားစွာ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် နိုင်ငံခြားတိုင်းပြည်များမှ နိုင်ငံ့ခေါင်းဆောင်များ၊ သံတမန်များနှင့် ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်ကျွမ်းကျင်သူပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကိုလည်းကောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ထူးချွန်စွာ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြသော ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာ ပညာရပ်ဖြင့် နိုင်ငံတော်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုကြသည့် ပုဂ္ဂိုလ်များကို စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်(၁၂) မျိုး ချီးမြှင့်မည်ဖြစ်ကြောင်း၊ ထိုသို့ ချီးမြှင့်ရာတွင် ချီးမြှင့်အပ်နှင်းနိုင်ရေး "ပဏာမစိစစ်ရေးအဖွဲ့များ" နှင့် "စိစစ်ရေးအဖွဲ့" တို့က အဆင့်ဆင့်စိစစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ (၄) ရက်၊ စိန်ရတုလွတ်လပ်ရေးနေ့နှင့် ၎င်းနေ့မတိုင်မီ နေ့ကြီးရက်ကြီးများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာ ထုတ်ပြန်ချီးမြှင့်သွားမည် ဖြစ်ကြောင်း။

နိုင်ငံတော်ကို ထူးကဲစွာအကျိုးပြုသော ဂုဏ်ပြုချီးမြှင့်ထိုက်သူ လူပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်နိုင်ရေးအပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်တာဝန် ထမ်းဆောင်ရင်း ထိခိုက်/ဒဏ်ရာရ၊ သေဆုံး/ ကျဆုံးခဲ့သည့် နိုင်ငံ့ဝန်ထမ်းများ၊ မိမိ၏ အသက်အန္တရာယ်ကို မငဲ့ကွက်ဘဲ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်နိုင်ရေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၂ ခုနှစ်၊ (၁)နှစ်တာကာလအတွင်း သက်ဆိုင်ရာကဏ္ဍအလိုက် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများကိုလည်း စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်(၁၂)မျိုးချီးမြှင့်နိုင်ရေးအတွက် ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၂၀၁၄ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ပြဋ္ဌာန်းချက်တို့နှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယနေ့အစည်းအဝေးတွင် ပဏာမစိစစ်ရေးအဖွဲ့အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ထပ်မံစိစစ်ပြီး စိစစ်ရေးအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ ဂုဏ်ပြုချီးမြှင့်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုခြင်းနှင့် ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ခြင်းတို့ကို မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံကို အဘက်ဘက်မှ ရန်လိုဖိအားပေးလုပ်နေသည့် ကာလအတွင်း နိုင်ငံ၏တာဝန်များကို ကျရာကဏ္ဍများမှ ထူးကဲစွာ အသက်ပေးဆောင်ရွက်ကြသော နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ မကျန်ရှိစေရန်လည်း စိစစ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခု ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်၊ စိန်ရတုလွတ်လပ်ရေးနေ့တွင် ချီးမြှင့်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ် မတ်လ ၂၇ ရက်တွင် ပထမအကြိမ်အဖြစ် စည်သူဘွဲ့ တစ်ဦး၊ သီရိပျံချီဘွဲ့ ကိုးဦး၊ ဇေယျကျော်ထင်ဘွဲ့ ငါးဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၄၅ ဦး အပါအဝင် စုစုပေါင်း ၈၈၀ ကို ချီးမြှင့်ရန် သတ်မှတ်ထားကြောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း (၁) ရက်တွင် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ၊ စွမ်းရည်သတ္တိဆိုင်ရာများကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အဆိုပါထုတ်ပြန်ကြေညာချက်တွင် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့ သုံးဦး၊ သတိုးသီရိသုဓမ္မဘွဲ့ နှစ်ဦး၊ အဂ္ဂမဟာသရေစည်သူဘွဲ့ ငါးဦး၊ သတိုးမဟာသရေစည်သူဘွဲ့ ငါးဦး အပါအဝင် စုစုပေါင်း ၁၄၆ ဦးကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် စိန်ရတုလွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အဆင့်အခမ်းအနားဖြင့် ချီးမြှင့်နိုင်ရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊ ယခုထပ်မံ၍ ချီးမြှင့်သင့် ချီးမြှင့်ထိုက်သူ၊ မြောက်စားသင့် မြောက်စားထိုက်သူများမှ ကျန်ရှိသူများကို ထပ်မံစိစစ်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းခံရမည့် ပုဂ္ဂိုလ်များ၏ အရည်အချင်းသည် သားစဉ်မြေးဆက် ဂုဏ်ယူဝင့်ကြွားနိုင်သော ထိုက်တန်သည့် စွမ်းဆောင်ရည်များကိုသာ ချီးမြှင့်ခံရခြင်းမျိုးဖြစ်စေရန် ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် စိစစ်ရေးအဖွဲ့အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေး စိစစ်ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ် ဝင်းထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၂ ခုနှစ် (၁) နှစ်တာအတွင်း ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်နိုင်ခဲ့သည့် ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ၂၀၂၃ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်းအပါအဝင် ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်ထွက်ခွာ



**နေပြည်တော် နိုဝင်ဘာ ၃**

တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်း အပါအဝင် ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ်ဆိပ်ခံတံတား (သီလဝါ)မှထွက်ခွာရာ သန်လျင်တပ်နယ်မှ ဗိုလ်ချုပ် ထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်းအပါအဝင် ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်းနှင့် ခွဲစိတ်ရောဂါများ ရှာဖွေစမ်းသပ်ကုသခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၁၆) နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်း၊ တပ်မတော်မှ အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အကောင်းဆုံး ဂိုးသမားဆုရ မောင်သူရဇော် (တနင်္သာရီတိုင်းဒေသကြီးအသင်း)ကို လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အကောင်းဆုံး နောက်တန်းကစားသမားဆုရ မောင်မင်းထက်ဇော် (ကချင်ပြည်နယ်အသင်း) နှင့် အကောင်းဆုံး အလယ်တန်း ကစားသမားဆုရ မောင်အောင်ခန့်ဖြိုး (ရန်ကုန်တိုင်းဒေသကြီး အသင်း)ကို လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက အကောင်းဆုံး ရှေ့တန်း ကစားသမားဆုရ မောင်ဝင်းပြည့်မောင် (မကွေးတိုင်းဒေသကြီးအသင်း)ကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဖြိုးသန့်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုရ မောင်ဆက်ပိုင်ထွန်း (မကွေးတိုင်းဒေသကြီးအသင်း) ကိုလည်းကောင်း တစ်ဦးချင်းအကောင်းဆုံး ဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။



ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က စတုတ္ထဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား ငွေသားဆုကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်းက တတိယရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဗညားအောင်မိုးက ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ၊ ငွေသားဆုနှင့် အမျိုးသား တံခွန်စိုက်ဒိုင်းကို ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၁၆) နှစ်အောက် အမျိုးသားဘောလုံး ပြိုင်ပွဲကို မြန်မာဘောလုံး အားကစားလောက အဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုရန်နှင့် မျိုးဆက်သစ်ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အောက်တိုဘာ ၂၀ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၁၃ သင်းမှ အားကစားသမား စုစုပေါင်း ၂၉၇ ဦး ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## (၁၉)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၃**

လာအိုနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၁၉) ကြိမ်မြောက် အာဆီယံ လေတပ်ဦးစီးချုပ်များ အစည်းအဝေး (19th ASEAN Air Chiefs Conference – 19th AACC) သို့ တက်ရောက်ရန် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)** **သတင်းစဉ်**

## အကြိမ် (၃၀) မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၃**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် အကြိမ် (၃၀)မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ယနေ့ နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါအဖွဲ့ကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများက နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းတွင် အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ် အားကစားသမား စုစုပေါင်း ၄၂ ဦးတို့ လိုက်ပါသွားကြသည်။

အကြိမ်(၃၀)မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် မြန်မာ့တပ်မတော်မှ ပစ္စတိုအမျိုးသားအသင်း၊ ပစ္စတိုအမျိုးသမီးအသင်း၊ ကာဘိုင်အမျိုးသားအသင်း၊ ရိုင်ဖယ်အမျိုးသားအသင်းနှင့် စက်သေနတ်အမျိုးသားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



● *ကျောဖုံးမှ*

အမျိုးသမီးခြေစစ်ပွဲကို ပထမအဆင့်ခြေစစ်ပွဲ အုပ်စုပွဲများကို ၂၀၂၃ ခုနှစ် ဧပြီ ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲအုပ်စုမဲခွဲမှုအရ အုပ်စု (က) တွင် ထိုင်း၊ မလေးရှား၊ မြောက်မာရီယာနာကျွန်းစု၊ အင်ဒိုနီးရှား၊ အုပ်စု(ခ)တွင် ဩစတြေးလျ၊ တရုတ်(တိုင်ပေ)၊ မွန်ဂိုလီးယား၊ ဘူတန်၊ အုပ်စု(ဂ)တွင် ဗီယက်နမ်၊ ဥဇဘက်ကစ္စတန်၊ ပါလက်စတိုင်း၊ ဘာရိန်း၊ အုပ်စု(ဃ)တွင် ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ ယူအေအီး၊ တာ့ခ်မင်နစ္စတန်၊ အုပ်စု(င)တွင် တောင်ကိုရီးယား၊ ဟောင်ကောင်၊ တာဂျစ်ကစ္စတန်၊ အီရတ်၊ အုပ်စု(စ)တွင် မြန်မာ၊ အိန္ဒိယ၊ ကာဂျစ္စတန်၊ အုပ်စု (ဆ) တွင် ဖိလစ်ပိုင်၊ လက်ဘနွန်၊ ဂူအမ်၊ အုပ်စု(ဇ)တွင် အီရန်၊ ဂျော်ဒန်နှင့် နီပေါအသင်းတို့ ပါဝင်နေသည်။ နောက်ဆုံးကျင်းပသည့် ၂၀၁၉ ပြိုင်ပွဲချန်ပီယံ ဂျပန်အသင်းအပါအဝင် မြောက်ကိုရီးယား၊ တရုတ်နှင့် ၂၀၂၄ အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် အိမ်ရှင်နိုင်ငံဖြစ်သော အင်ဒိုနီးရှားအသင်းတို့မှာ ခြေစစ်ပွဲယှဉ်ပြိုင်စရာမလိုဘဲ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲကို အုပ်စုရှစ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ပထမအဆင့်ခြေစစ်ပွဲကို ၂၀၂၃ ခုနှစ် မတ် ၄ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အုပ်စု(က)တွင် တရုတ်၊ လာအို၊ ဟောင်ကောင်၊ ဖိလစ်ပိုင်၊ အုပ်စု(ခ)တွင် နီပေါ၊ ယူအေအီး၊ မြောက်မာရီယာနာကျွန်းစု၊ ပါလက်စတိုင်း၊ အုပ်စု(ဂ)တွင် ဩစတြေးလျ၊ ကာဂျစ္စတန်၊ ဂူအမ်၊ အီရတ်၊ အုပ်စု(ဃ)တွင် လက်ဘနွန်၊ ဂျော်ဒန်၊ မွန်ဂိုလီးယား၊ ဘူတန်၊ အုပ်စု(င)တွင် ထိုင်း၊ တရုတ်တိုင်ပေ၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ အုပ်စု (စ)တွင် ဗီယက်နမ်၊ အိန္ဒိယ၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အုပ်စု (ဆ) တွင် မြန်မာ၊ မလေးရှား၊ ပါကစ္စတန်၊ ကမ္ဘောဒီးယား၊ အုပ်စု (ဇ)တွင် အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ တာ့ခ်မင်နစ္စတန်အသင်းတို့ ပါဝင်နေသည်။

**ရဲရင့်လွင်**

# ဝေဘာဂီအထူးကုဆေးရုံကြီး အဆင့်မီဆေးကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃

**ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ ဝေဘာဂီအထူးကုဆေးရုံကြီး ဆေးကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်သည်။**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ အလှူရှင် AW Foundation မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ဆေးကုသဆောင်သစ်ကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် အလှူရှင် AW Foundation မှ ဥက္ကဋ္ဌ ဦးသောင်းကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး **(အောက်ပုံ)** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ဖွင့်ပွဲအထိမ်းအမှတ် ကျောက်ပြားကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကုသဆောင်သစ် ကျောက်ပြားကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး အဆောက်အအုံသစ်အတွင်း မြေညီထပ်ရှိ သီးသန့်ကူးစက် လူနာခန်းများ (Isolation Room) ကိုလည်းကောင်း၊ အောက်ဆီဂျင်စက်ရုံ (Oxygen Plant)၊ 800 KVA Transformer၊ မီးစက်(Standby Genset)၊ ရေသန့်စင်စက် (Water Treatment System) တို့ကိုလည်းကောင်း၊ ကုသဆောင်သစ် ပထမထပ်ရှိ အထူးကြပ်မတ် ကုသခန်းများ၊ ဒုတိယထပ်ရှိ အောက်ဆီဂျင်ပေး၍ ကြီးကြပ်ကုသနိုင်သည့် လူနာခန်းများနှင့် ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

**အဖွင့်အမှာစကားပြောကြား**

ထို့နောက် ဖွင့်ပွဲအခမ်းအနားမဏ္ဍပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါအပြင် ကူးစက်ရောဂါများ၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေး၊ ကျေးလက်မြို့ပြ သာတူညီမျှ ကျန်းမာရေး စောင့်ရှောက်မှုများ ရရှိနိုင်ရေး၊ ပြည်သူများ နိုင်ငံတကာအဆင့်မီ ဆေးဝါးကုသမှုများ ရရှိနိုင်ရေးတို့အတွက် ဦးဆောင်လမ်းညွှန်မှု၊ ပံ့ပိုးမှုများ ဆောင်ရွက်ပေးနေသကဲ့သို့ ကျန်းမာရေးဝန်ထမ်းများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းရည်တိုးတက်မြင့်မားရေးကိုလည်း ဦးတည်ချက်ထားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်နေပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိတ်ဆွေနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါ လှိုင်းများအတွင်း မြန်မာနိုင်ငံသားများ၏ အသက်ပေါင်းများစွာ အန္တရာယ်ကင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် ကုသဆောင်သစ်၌ ရောဂါပိုးကူးစက်မှုကို ကာကွယ်နိုင်သည့် အထူးလေဖိအားစနစ် တပ်ဆင်ထားသည့်အခန်းများ၊ လူနာများကို ၂၄ နာရီ စောင့်ကြပ်ကြည့်ရှုနိုင်သည့် စနစ်များပါဝင်သော နိုင်ငံတကာအဆင့်မီ ကုသခန်းများ၊ ခွဲစိတ်ခန်းများပါဝင်ပြီး ဝေဘာဂီအထူးကု ဆေးရုံကြီးကိုလည်း Infectious Disease Institute အဖြစ် ကုသရေးအပြင် သုတေသနနှင့် သင်ကြားရေး လုပ်ငန်းများပါ ဆောင်ရွက်နိုင်မည့် Center အဖြစ် တိုးမြှင့်ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်နိုင်မည့်အပြင် ရောဂါကူးစက်မှုအခြေအနေများကို လေ့လာ၍ သုတေသနပြု ဆောင်ရွက်ရန်များစွာအထောက်အကူ ရနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော် အကြီးအကဲက **နေရောင်ခြည်စွမ်းအင်သုံး(Solar) စနစ်မှလည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်၍ အကျိုးရှိစွာ အသုံးချရေး ကြိုးစားဆောင်ရွက်သွားရန်** လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သော နေရောင်ခြည်စွမ်းအင်သုံး(Solar) လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စနစ်ကို ထည့်သွင်းတပ်ဆင်ထားသဖြင့် စွမ်းအင်ချွေတာသုံးစွဲရေးနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်နိုင်မည့် ရှေ့ပြေးဆောင်ရွက်ချက် တစ်ခုဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံများတွင်လည်း အသုံးပြုနိုင်ရေးအတွက် စီမံချက်များရေးဆွဲပြီး စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံများတွင် ပြည်သူလူထုမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူရာ၌ စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရန်နှင့် ကုသမှုအရည်အသွေး မြင့်မားလာစေရေး အထောက်အကူဖြစ်စေရန် ခေတ်မီဆေးရုံအဆောက်အအုံများ၊ ခေတ်မီဆေးရုံသုံး စက်ပစ္စည်းကိရိယာများကို နိုင်ငံတော်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထုအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ AW Foundation က ဆောက်လုပ်လှူဒါန်းသည့် ဝေဘာဂီအထူးကုဆေးရုံကြီး၏ ကုသဆောင်သစ်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း။

**အကျိုးရှိရှိ အသုံးပြု**

နိဂုံးချုပ်အနေဖြင့် ကုသဆောင်သစ် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားမှသည် ပြည်သူများအားထားယုံကြည်ရသည့် ပြည်သူ့ဆေးရုံကြီးအဖြစ် ဆက်လက်ရပ်တည်နိုင်ပြီး နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးနေသည့် ကျန်းမာရေးစောင့်ရှောက်မှု အကျိုးရလဒ်ကောင်းများကို အကျိုးရှိရှိ အသုံးပြုကာ ပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြံ့ခိုင်၍ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားခဲ့သည်။

ဝေဘာဂီအထူးကုဆေးရုံကြီး၏ကုသဆောင်သစ်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ဆောက်၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလကုန်တွင် ပြီးစီးခဲ့ပြီး ငွေကျပ် ၆၂၀၇၇၁၉၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၄၈၄၇၉ အကုန်အကျခံကာ AW Foundation မှ တစ်ဦးတည်း အလှူရှင်အဖြစ် လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ AW Foundation ဥက္ကဋ္ဌ ဦးသောင်းကြိုင်က Foundation ဖြစ်ပေါ်လာပုံနှင့် အဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းတင်ပြသည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် AW Foundation ဥက္ကဋ္ဌက အဆောက်အအုံသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများ၊ မှတ်တမ်းများကို ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုး ထံသို့ လွှဲပြောင်းပေးအပ်ပြီး ညွှန်ကြားရေးမှူးချုပ်က AW Foundation သို့ အမှတ်တရ ပန်းခြင်းလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ခုနစ်ထပ်ဆောင် ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး အတွင်းရေးမှူးက စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်ရေး၊ နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းအောင် စီမံဆောင်ရွက်ရေးတို့ကို လမ်းညွှန်မှာကြားပြီး မကြာမီဖွင့်လှစ်တော့မည့် ကြည့်မြင်တိုင်မြို့နယ်ရှိ အရိုးရောဂါအထူးကုဆေးရုံကြီး၊ တိုးချဲ့ ငါးထပ်ဆောင်သစ် တည်ဆောက်ပြီးစီးမှုကို လှည့်လည် ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ဝေဘာဂီအထူးကုဆေးရုံကြီး ဆေးကုသဆောင်သစ် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။



# ပြန်ကြားရေးဝန်ကြီးဌာန မိသားစုများ၏ တန်ဆောင်တိုင် ပျော်ပွဲရွှင်ပွဲနှင့် ဖျော်ဖြေပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

နိုင်ငံတော်အစိုးရ၏ ယန္တရား ကောင်းမွန်စွာ လည်ပတ်နိုင်ရေး အတွက် ကျရာကဏ္ဍမှ တာဝန် သိစိတ်ဖြင့် ဆောင်ရွက်နေကြ သည့် ဝန်ထမ်းများကို စိတ်လက် ပေါ့ပါးစွာ အပန်းဖြေပျော်ရွှင်မှု ရရှိစေရန် ရည်ရွယ်ပြီး စိတ်ဓာတ် ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှု တစ်ခုအဖြစ် တန်ဆောင်တိုင် ကာလနှင့် တိုက်ဆိုင်ကာ ဝန်ကြီး ဌာနများသို့ လှည့်လည်ဖျော်ဖြေမည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ







အဥ္စလီအငြိမ့် ဖျော်ဖြေတင်ဆက်စဉ်။

ခေတ်ပေါ်တေးဂီတအဖွဲ့၊ အငြိမ့် ပဒေသာတို့နှင့်အတူ နိုင်ငံကျော် တေးသံရှင်များ ပါဝင်သီဆို တင်ဆက်သည့် ဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းတွင် နေပြည် တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ဖျော်ဖြေပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင် မောင်အုန်းနှင့် ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပျော်ရွှင် စွာ ကြည့်ရှုအားပေးကြသည်။ ဂီတဖျော်ဖြေပွဲ မစတင်မီ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန် ရှိသူများသည် ဝန်ထမ်းများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖျော်ဖြေပွဲတွင် မြန်မာ့အသံ နှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ မြန်မာ့အသံမှ တေးသံရှင်များက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ် တေးသီချင်းများဖြင့် လည်းကောင်း၊ နိုင်ငံကျော်အဆို တော် မြန်မာပြည်သိန်းတန်က “ငါသာစော်ဘွားဖြစ်ချင်တယ်”၊ “မေတ္တာရေလှိုင်း အသည်းပြင်ရိုင်း”၊ “ရွှေသုန္ဒရီ”၊ “နှင်းပွင့်သစ္စာ”၊ “စနေထောင့်မှာ ပန်းလှူမယ်” စသည့်တေးသီချင်းများဖြင့်လည်း ကောင်း၊ ခေါင်းဆောင်မင်းသမီး မြတ်ဆုချယ်၊ ရွှေထွက်မင်းသမီး မြတ်သဇင်သင်း၊ လူရွှင်တော် စောမင်းနောင်၊ ဇော်မင်းထွန်း၊ လင်းဇော်နိုင်၊ ကျော်မင်းစိုး၊ မျိုးကျော်သူနှင့် စိုးစည်သူတို့ ပါဝင်သည့် အဥ္စလီအငြိမ့်ဖျော်ဖြေ ခန်းဖြင့်လည်းကောင်း ဖျော်ဖြေ တင်ဆက်ရာ ဝန်ထမ်းများ၊ မိသားစု ဝင်များက ပျော်ရွှင်စွာ ပါဝင် ဆင်နွှဲခဲ့ကြသည်။ ကျန်ဝန်ကြီး ဌာနများနှင့် အဖွဲ့အစည်းအသီးသီး တွင်လည်း နိုဝင်ဘာ ၄ ရက်မှ ၁၂ ရက်အထိ အလှည့်ကျ ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ဘားအံမြို့ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၏ လုပ်ငန်းစဉ်များအား ကြည့်ရှုစစ်ဆေးပြီး အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ

**ဘားအံ နိုဝင်ဘာ ၃**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် ကရင်ပြည်နယ် ဘားအံမြို့ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကျွမ်းကျင် မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ဘားအံ)တွင် ဖွင့်လှစ်မည့်သင်တန်းများအတွက် သင်တန်းနေရာ နှင့် သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြင်ဆင် ထားမှု၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်လှစ်ပို့ချနေမှု၊ စာတွေ့လက်တွေ့ပို့ချနေမှု များကို ကြည့်ရှုစစ်ဆေးခဲ့ပြီး(ယာပုံ) အဆိုပါသင်တန်း သားများအား တွေ့ဆုံ၍ အိမ်တွင်းလျှပ်စစ်သွယ်တန်း ခြင်းလုပ်ငန်းများကို ကြိုးစားသင်ယူကြရန် မှာကြား သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကရင် ပြည်နယ် ဘားအံမြို့ရှိ အလုပ်သမားဝန်ကြီးဌာန အောက်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာဆက်ဆံ ရေးဦးစီးဌာနများမှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တာဝန်ခံ အရာရှိများနှင့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံရာ ပြည်နယ်တာဝန်ခံများက လုပ်ငန်းဆောင် ရွက်ချက်များနှင့် ပတ်သက်ပြီး လက်ရှိလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ ဆက်လက်ဆောင် ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လိုအပ် ချက်များ ရှင်းလင်းတင်ပြရာ ပြည်ထောင်စု ဝန်ကြီးက ဌာနဆိုင်ရာအဖွဲ့အစည်းတွင် တာဝန် ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများ ပါတီနိုင်ငံရေး ကင်းရှင်းရန် အထူးလိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်း များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်နှင့်အညီ တာဝန်ကျရာကဏ္ဍများတွင် အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာရန်တာဝန်ရှိကြောင်း၊ ဝန်ထမ်းများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်နှင့် အညီ လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက မိမိဝန်ကြီး ဌာန၏ မူလလုပ်ငန်းများ၊ ရည်မှန်းချက်များ အောင်မြင် ပြီးမြောက်ပြီး နိုင်ငံတော်အတွက်လည်း ကောင်းမွန် သည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း၊ ဝန်ထမ်း များအနေဖြင့် ပြည်သူများနှင့် ဆက်ဆံရာတွင် တတ်နိုင်သမျှ စိတ်ရှည်သည်းခံပြီး ချေငံစွာဆက်ဆံ ရန်လိုအပ်ကြောင်း၊ တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းများကို ရှောင်ကြဉ် ရန်နှင့် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း။

တာဝန်ခံဝန်ထမ်းများအနေဖြင့် မိမိတို့၏ရုံးများ စနစ်တကျရှိစေရေး ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ကြ ရန်နှင့် ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ နေထိုင်လုပ်ကိုင်တတ်သည့် အလေ့အကျင့်များရရှိအောင် ပြုစုပျိုးထောင်ပေး ရမည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များ ကို လမ်းညွှန်မှာကြား ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘီးလင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

**ဘီးလင်း နိုဝင်ဘာ ၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘီးလင်းမြို့ နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ ကိုဗစ်-၁၉ ကာလအတွင်း အလုပ်အကိုင်အခွင့် အလမ်းများ ရရှိစေရန်အတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေတစ်ရွာလျှင် ငွေကျပ် သိန်း ၁၀၀ စီဖြင့် ကျေးရွာငါးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကွန်ကရစ်လမ်း လေးလမ်းနှင့် ဂဝံလမ်းတစ်လမ်းတို့ကို အကောင်အထည်ဖော်ဆောင် ရွက်ခဲ့ရာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများကို စက်တင်ဘာ ဒုတိယပတ် မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် လုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး၍ ကျေးလက်နေပြည်သူများ ကျေးရွာလူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးရွာလူထုကိုယ်တိုင် ၎င်းတို့ကျေးရွာ၏ ပကတိ အခြေအနေများကို ဖော်ထုတ်ပြီး ဦးစားပေးအစဉ်အလိုက် စီမံချက်များကို စနစ်တကျ ရေးဆွဲတတ်လာကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

လွိုင်ကော် နိုဝင်ဘာ ၃

**ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ယနေ့တွင် ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ လွိုင်ကော်မြို့၌ တည်ဆောက်လျက်ရှိသည့် လေးခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာများ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ မြေထိန်းနံရံလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။**

ထို့ပြင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ပြည်နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တည်ဆောက်ရေးလုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း တည်ဆောက်လျက်ရှိသည့် အဆောက်အဦ၊ လမ်း၊ တံတားများ အရည်အသွေး ကောင်းမွန်စေရန်နှင့် သတ်မှတ်စံနှုန်းများ ပြည့်မီအောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးနိုင်ရေးအတွက် အရည်အသွေး စိစစ်အကဲဖြတ်အဖွဲ့နှင့် တာဝန်ရှိသူများက စနစ်တကျကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်းက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်နေမှုများ၊ တည်ဆောက်ရေး ကုမ္ပဏီများက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များက တည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၅၄ လမ်းရှိ နေအိမ်တစ်အိမ်ကို ချိပ်ပိတ်ခဲ့ခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ဖြေကြားချက်

**နေပြည်တော် နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၅၄ လမ်းရှိ နေအိမ်တစ်အိမ်ကို ချိပ်ပိတ်ခဲ့ကြောင်းနှင့် အဆိုပါ ချိပ်ပိတ်ခဲ့သည့် နေအိမ်သည် ခရစ်ယာန် မိဘမဲ့ ကလေးများကို ထိန်းသိမ်းစောင့်ရှောက်ထားသည့် နေရာတစ်ခု ဖြစ်သည်ဟု အချို့သတင်းဌာနများတွင် ဖော်ပြနေသည့်ကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း က အောက်ပါအတိုင်း ဖြေကြားထားသည် -




"ကျွန်တော်တို့မနေ့က ည ၈ နာရီလောက်မှာ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် စလုံးရပ်ကွက်၊ ၅၄(ဘီ)လမ်း၊ ၁၂၅/ ၁၂၆လမ်းကြားမှာရှိတဲ့ နေအိမ်တစ်အိမ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ သတင်းအရ ချိပ်ပိတ်စစ်ဆေးခဲ့ရတာရှိပါတယ်။ တချို့မီဒီယာတွေမှာ၊ တချို့ လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ဖော်ပြနေတာတွေ့ရတယ်။ အဲဒါ ခရစ်ယာန်မိဘမဲ့ကလေးကျောင်းဖြစ်တယ်ဆိုပြီးတော့ ဖော်ပြနေတာဖြစ်ပါတယ်။ အဲဒီသတင်းကတော့ အမှားပါ။ မဟုတ်ပါဘူး။ နေအိမ်ပဲဖြစ်ပါတယ်။ နေအိမ်ပိုင်ရှင်ရှိတယ်။ အဲဒီနေအိမ်ပိုင်ရှင်ကနေပြီး အခုအိမ်ငှား ထားထားတာရှိတယ်။ ဦးခင်မောင်အေး၊ ဒေါ်မေရီတို့က ဒီအိမ်ကိုငှားထားတယ်ဆိုတာ သိရပါတယ်။ အိမ်ကိုချိပ်ပိတ်ရတဲ့အကြောင်းရင်းကတော့ မနှစ်က ၂၀၂၁ ခုနှစ် ဇွန်လ ၂၀ ရက် ပတ်ဝန်းကျင်လောက်မှာ ကျွန်တော်တို့လည်း သတင်းထုတ်ပြန်ပြီးဖြစ်တယ်။ သပိတ်ကျင်းဘက်မှာ မန္တလေးက PDF အဖွဲ့ ဝေယံလင်း(ခေါ်) ထွန်းတောက်နိုင်ရဲ့အဖွဲ့ကို ကျွန်တော်တို့ မိခဲ့တယ်။ လက်နက်တွေအမြောက်အမြားနဲ့ ကားပေါ်မှာမိခဲ့တာရှိတယ်။ သူ့ရဲ့ပြောချက်အရ သူတို့နဲ့ မန္တလေးတိုင်းဒေသကြီးထဲမှာရှိတဲ့ အကြမ်းဖက် PDF အဖွဲ့နဲ့ တချို့သော KIA အဖွဲ့ပူးပေါင်းပြီးတော့ မန္တလေးမြို့ပေါ်မှာ အကြမ်းဖက်သင်တန်းတွေပေးဖို့၊ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတွေပေးဖို့အတွက် သူတို့အိမ်လေးလုံးငှားခဲ့တယ်။ ဒီအိမ်လေးလုံးကိုလည်း ကျွန်တော်တို့ သတင်းထုတ်ပြန်ပြီးဖြစ်ပါတယ်။ အခု ကျွန်တော်တို့ချိပ်ပိတ်လိုက်တဲ့အိမ်က အဲဒီအိမ်လေးလုံးထဲမှာပါတဲ့ အိမ်တစ်အိမ် ဖြစ်တယ်။ အဲဒီမှာတော့ အခြေပြုနေထိုင်တဲ့ဟာမျိုးတော့ မတွေ့ခဲ့ရဘူး။"

"အခုနောက်ပိုင်းမှာ ဒီအိမ်မှာအိမ်ငှားတွေနေပြီး ကျွန်တော်တို့ အခုချိပ်ပိတ်စစ်ဆေးတဲ့အခါမှာ ကလေး ၁၀ ယောက်တွေ့ရတယ်။ သူတို့အိမ်ငှားတွေကို မေးမြန်းချက်ထဲမှာ ဒါဟာမိဘမဲ့ကလေးတွေလို့ သူတို့ကပြောတယ်။ ကျွန်တော်တို့ စစ်ဆေးနေဆဲပဲရှိသေးတယ်။ ဒီမသင်္ကာဖွယ်သတင်းရလို့စစ်ဆေးတယ်။ စစ်ဆေးတဲ့အခါမှာ အဲဒီလိုတွေ့ရတယ်။ အဲဒီမှာ မိဘမဲ့ကလေးဂေဟာဖွင့်တယ်တို့၊ မိဘမဲ့ကလေးကျောင်းဖွင့်တယ်တို့ဆိုတဲ့ တရားဝင်မှတ်ပုံတင်ထားတာမျိုးမရှိဘူး။ သူတို့အစီအစဉ်နဲ့ သူတို့လုပ်နေတဲ့ပုံစံမျိုးကို တွေ့ရတယ်။ ပြီးရင်တချို့သော လူမှုကွန်ရက်စာမျက်နှာတွေမှာ အဲဒီအိမ်မှာ ဆေးကုပေးနေတယ်တို့ ဘာတို့လည်း ကျွန်တော်တို့ သတင်းကြားရတာမျိုးရှိတယ်။ ပြည်သူလူထုကို ဆေးကုပေးနေတယ်ဆိုတဲ့ အမည်ခံမျိုးလည်း ကျွန်တော်တို့ တွေ့ထားတာဖြစ်တယ်။ သို့သော် ပြည်သူလူထုကို ဆေးကုပေးနေတဲ့ပုံစံမျိုးလည်း မရှိပါဘူး။ သို့သော် အကြမ်းဖက်အဖွဲ့တွေကို အဆက်အသွယ်တွေနဲ့ ဆေးကုပေးနေတဲ့ပုံစံမျိုးတော့ ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါတွေကိုတော့ ကျွန်တော်တို့စစ်ဆေးဆဲပဲဖြစ်ပါတယ်။ ကျွန်တော်ပြောချင်တာကတော့ စုံစမ်းစစ်ဆေးမှုတွေ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်လျက်ပဲရှိသေးတယ်။ ဒီ ထွန်းတောက်နိုင်တို့အဖွဲ့နဲ့ ဆက်စပ်ပြီးတော့ လုပ်ခဲ့တဲ့ အိမ်လည်းဖြစ်နေတယ်။ နောက်ထပ်မသင်္ကာစရာလည်းရှိတဲ့အတွက်ကြောင့် ဒါကြောင့်မို့ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ သူတို့သတင်းလွှင့်နေတဲ့ ခရစ်ယာန် မိဘမဲ့ကလေးကျောင်းတို့ ဘာတို့ဆိုတာ မဟုတ်ပါဘူး။"

"ဒါသည် ချိပ်ပိတ်လိုက်တဲ့အခါမှ လူမှုရေးအရရယ်၊ ဘာသာရေးအရရယ် နည်းနည်းလေး သတင်းပွလာအောင် လုပ်ဆောင်နေတဲ့အနေအထားမျိုး ဖြစ်တယ်လို့ ကျွန်တော်တော့ ပြောချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဒီကလေးတွေနဲ့ပတ်သက်ပြီး မိဘမဲ့ကလေးတွေ ဟုတ်၊ မဟုတ်။ ဟုတ်ခဲ့ရင်လည်း ကျွန်တော်တို့က တရားဝင်မိဘမဲ့ဂေဟာကို ပို့နိုင်ဖို့ တရားဝင်အစိုးရက ဖွင့်လှစ်ထားတဲ့ လူမှုကူညီကယ်ဆယ်ရေး၊ စတဲ့ကိစ္စတွေကို ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမှာကျွန်တော်တို့ ပြည်သူလူထုကို ပြောချင်တာကတော့ ဒီ PDF အကြမ်းဖက်အဖွဲ့ကို အထောက်အပံ့ပေးနေတဲ့ အဖွဲ့တွေအနေနဲ့ တစ်ခုခု အရေးယူတာတို့၊ သတင်းတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်တာမျိုးရှိရင် ပြည်သူလူထုကို အထင်မှားအမြင်မှားအောင် လူမှုရေးအရ၊ ဘာသာရေးအရ အထင်မှားအမြင်မှားအောင် သူတို့ဘက်က ကာဗာယူပြီး ဆောင်ရွက်နေတာမျိုးကို တွေ့ရတယ်လို့ပဲ ကျွန်တော် ပြောချင်ပါတယ်။"

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အေးသာယာရပ်ကွက်နေ မိုးသွင်သာ (ခ) ခန့်ကိုကိုသည် ၎င်းအသုံးပြုသည့် "Khant Ko Ko" Facebook အကောင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် အမှတ် (၁၂) ရပ်ကွက်နေ မာမာဖြိုးသည် ၎င်းအသုံးပြုသည့် "May Myat Noe Aung" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


# ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများ ကျူးလွန်ခဲ့ပြီး ဘဏ်နှင့် ရွှေဆိုင်များအား ခြိမ်းခြောက်လုယက်မှုများ ကျူးလွန်ရန် စီစဉ်လျက်ရှိသည့် ဒလ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ခြိမ်းခြောက်လုယက်ခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

သို့ဖြစ်၍ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ ပူးပေါင်းပါဝင် သတင်းပေးဆောင်ရွက်မှုများကြောင့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် ခြိမ်းခြောက်လုယက်ခြင်းများ လုပ်ဆောင်လျက်ရှိသည့် ဒလ PDF အမည်ခံအကြမ်းဖက်အဖွဲ့မှ **အေးသီတာဝင်း**ကို ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် မဉ္ဇူလမ်း၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ အေးသီတာဝင်း၏ ထွက်ဆိုချက်အရ ဒလ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **နိုင်လင်း**ကို ဒလမြို့နယ် နှုတ်ခမ်းမွှေး သမ္ဗန်ဆိပ်ရှိ ရေယာဉ်ပေါ်၌ လည်းကောင်း၊ **ထက်လင်းဦး(ခ) ကိုထက်**ကို ဒေါပုံမြို့နယ် သဘော်ာကျင်းရပ်ကွက် သဘော်ာကျင်း(၈) လမ်းရှိ နေအိမ်၌ Luger ပစ္စတို တစ်လက်၊ SIGSAUER ပစ္စတို တစ်လက်၊ KUZEY ပစ္စတို နှစ်လက်၊ ZORAKI ပစ္စတို တစ်လက်၊ ကျည်အိမ် ခုနစ်ခု၊ ကျည်မျိုးစုံ ၇၃ တောင့်၊ လက်ပစ်ဗုံး ခြောက်လုံး၊ လက်လုပ်မိုင်း တစ်လုံး၊ အသံတိတ်ပြောင်း တစ်ခုနှင့်လည်းကောင်း၊ **ဟိန်းထက်(ခ) အငယ်ကောင်**ကို ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် မဉ္ဇူလမ်း၌ လည်းကောင်း၊ **ထူးထက်အောင်**ကို တာမွေမြို့နယ် တာမွေကြီး (က/ဂ)ရပ်ကွက် ၁၅၆ လမ်း၌ လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများ ကျူးလွန်ခဲ့ပြီး ဘဏ်နှင့်ရွှေဆိုင်များအား ခြိမ်းခြောက်လုယက်မှုများ ကျူးလွန်ရန် စီစဉ်လျက်ရှိသည့် ဒလ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ



တရားခံ ထူးထက်အောင်၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁၉ ရက် နေ့လယ်ပိုင်းတွင် **အောင်ကျော်ထက်** ကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၅ ရပ်ကွက် ယုဇန(၄)လမ်း၌ SIGSAUER ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ကျည်မျိုးစုံ ၁၈ တောင့်နှင့် လည်းကောင်း၊ အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် **တင်အောင်လွင် (ခ) သားကြီး၊ ဦးသန်း၊ ကျော်ဇင်ထူး(ခ)ရန်ပိုင်** နှင့် **ရွှေသဉ္ဇာဦး**တို့ လေးဦးကို လှည်းကူးမြို့ အမှတ်(၃)လမ်းဆုံစစ်ဆေးရေးဂိတ်၌လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။

တရားခံ ကျော်ဇင်ထူး(ခ) ရန်ပိုင်၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် **ထက်အောင်လင်း**ကို ဒလမြို့နယ် ဘုရင့်နောင်ရပ်ကွက် အောင်ဇေယျ (၆)လမ်းရှိ နေအိမ်၌ ၉ မမ ကျည် နှစ်တောင့်နှင့်လည်းကောင်း၊ အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းတွင် **မင်းမင်းဦး (ခ) ကျော်ဦး (ခ) ဝေလွင်ဦး** ကို ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် လမ်းသွယ် (၁) လမ်း၌ လည်းကောင်း၊ **ခိုင်ခိုင်ဝင်း (ခ) အရိုးမ** နှင့် **သက်ဝါဦး(ခ)တုတ်တုတ်**တို့ နှစ်ဦးကို ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် ဒလ-တွံတေးသွား ကားလမ်းဘေး၌ လည်းကောင်း၊ **ကျော်မျိုးအောင်** ကို ဒလမြို့နယ် ရာဇသင်္ကြန်ရပ်ကွက် အုတ်လှငယ်လမ်းရှိ နေအိမ်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ယင်းနေ့ညနေပိုင်းတွင် **ဇင်မိုးဦး၊ တင်ဇော်သိန်း (ခ) ဂန္ဓီ**နှင့် **အောင်ဇော်မျိုး**တို့ သုံးဦးကို ဒလမြို့နယ် ဘုရင့်နောင်ရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်၌ လည်းကောင်း၊ **ဇော်ဝင်းအောင်(ခ) စိန်ကုလား**ကို ဒလမြို့နယ် စက်မြေရပ်ကွက် ဆရာစံလမ်း အိမ်အမှတ်(၆၄)၌ လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး ယင်းနေ့ညပိုင်းတွင် ဖမ်းဆီးရန်ကျန် တရားခံ **ကြည်လွင် (ခ) မီးသီး** နေထိုင်သော အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မဟာသုတိသာလမ်းသွယ်(၁) တိုက်အမှတ် (5/A)ကို ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ RUGER SR-9 ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ၉ မမကျည် ငါးတောင့်၊ လက်ပစ်ဗုံး နှစ်လုံး၊ ဒီတိုနေတာ အခု ၃၀၊ ယမ်းမှုန့် တစ်ထုပ်၊ ဆားကစ်ပြား တစ်ခုနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။





၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မဟာသုတိသာလမ်းသွယ်(၁) တိုက်အမှတ်(5/A)၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၅)ရပ်ကွက် ယုဇန(၄) လမ်း၌ တရားခံနှင့်အတူ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ဒေါပုံမြို့နယ် သဘော်ာကျင်းရပ်ကွက် သဘော်ာကျင်း (၈) လမ်း၌ တရားခံနှင့်အတူ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိ တရားခံ တင်အောင်လွင် (ခ) သားကြီး၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် **ဝင်းမင်းထွန်း(ခ)ရှမ်းပေါက်** နှင့် **စိုးမြတ်ဦး (ခ)တွတ်ပီ**တို့ နှစ်ဦးကို မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်လုယက်ခြင်းများ ဆောင်ရွက်ခဲ့သည့် **တရားခံ ကျား ၁၇ ဦး၊ မ လေးဦး စုစုပေါင်း ၂၁ ဦး**ကို ပစ္စတိုမျိုးစုံ ခုနစ်လက်၊ ကျည်အိမ် ၁၀ ခု၊ ကျည်မျိုးစုံ ၉၈ တောင့်၊ လက်ပစ်ဗုံး ရှစ်လုံး၊ ဖောက်ခွဲရေးသုံး ဒီတိုနေတာ အခု ၃၀၊ ယမ်းမှုန့် တစ်ထုပ်၊ ဆားကစ်ပြား တစ်ခု၊ ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ထက်လင်းဦး(ခ)ကိုထက်၊ ထူးထက်အောင်** နှင့် **အောင်ကျော်ထက်**တို့ သုံးဦးသည် ၂၀၂၁ ခုနှစ် ဇွန်လခန့်တွင် KNLA တပ်မဟာ(၇)လှူပ်ရှားနယ်မြေ၌လည်းကောင်း၊ **ကျော်ဇင်ထူး (ခ) ရန်ပိုင်၊ ရွှေသဉ္ဇာဦး၊**

*စာမျက်နှာ ၁၄ သို့*

*စာမျက်နှာ ၁၃ မှ*

**ဝင်းမင်းထွန်း (ခ) ရှမ်းပေါက်နှင့် စိုးမြတ်ဦး(ခ)တွတ်ပီ**တို့ လေးဦးသည် KIA ဗဟိုဌာနချုပ်ရှိရာ လိုင်ဇာမြို့ အနီး၌လည်းကောင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ တစ်လခန့် တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ဒလမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ဒလ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အား ဒလမြို့နယ် ရာဇသင်္ကြန်ရပ်ကွက်နေ ဒလမြို့နယ် NLD ပါတီ အလုပ်အမှုဆောင် တရားခံပြေး **ရဲနောင်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ရဲထက်နိုင်(ခ)ကျုံဒိုး** တို့ခေါင်းဆောင်၍ **ထက်လင်းဦး(ခ)ကိုထက်၊ ထူးထက်အောင်၊ အောင်ကျော်ထက်၊ နိုင်လင်း၊ တင်အောင်လွင် (ခ) သားကြီး၊ ဦးသန်း၊ ကျော်ဇင်ထူး(ခ)ရန်ပိုင်၊ ဝင်းမင်းထွန်း (ခ) ရှမ်းပေါက်၊ စိုးမြတ်ဦး(ခ) တွတ်ပီ** နှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သော **ကြည်လွင်(ခ) မီးသီး၊ အောင်ကျော်စိုး၊ ကျော်လင်း၊ အောင်လွန်း၊ စစ်နိုင်၊ ဇင်မင်းထွန်း၊ ရန်ကျော်** နှင့် **ဒီပ** တို့ ပါဝင်သော ၁၉ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဒလ PDF အမည်ခံ အကြမ်းဖက်အဖွဲ့သည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု လေးကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၁ ခုနှစ် မေ ၇ ရက်တွင် ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် ဒလ-တွံတေးကားလမ်းဘေးရှိ မြို့နယ် ပညာရေးမှူးရုံးရှေ့၌ ဖမ်းဆီးရန်ကျန်တရားခံ **ပြည့်ဖြိုးနိုင်**နှင့် **ပြည်ဖြိုးသူ** တို့က လက်လုပ်မိုင်းတစ်လုံး ဖောက်ခွဲခဲ့ပြီး **ကျော်မျိုးအောင်** နှင့် **ထက်အောင်လင်း** တို့က အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် ဇွန် ၂၀ ရက်တွင် ဒလမြို့နယ် သပြေကုန်းကျေးရွာ အထက(၄) ကျောင်းရှေ့၌ ဖမ်းဆီးရန်ကျန်တရားခံ **ပြည့်ဖြိုးနိုင်**နှင့် **ပြည်ဖြိုးသူ**တို့က လက်လုပ်မိုင်းတစ်လုံး ဖောက်ခွဲခဲ့ပြီး **ကျော်မျိုးအောင်** နှင့် **ထက်အောင်လင်း** တို့က အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- ဩဂုတ် ၂၈ ရက်တွင် ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ရာဇသင်္ကြန်လမ်းနှင့် ဒလ - တွံတေးလမ်းထောင့်ရှိ ဝတီနန်းစတိုးဆိုင်ရှေ့၌ **ထူးထက်အောင်** က လက်လုပ်မိုင်းနှစ်လုံးဖြင့် ဖောက်ခွဲခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက်(ခ) အငယ်ကောင်** နှင့် **အေးသီတာဝင်း** တို့က အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- အောက်တိုဘာ ၁၄ ရက်တွင် ဒလမြို့နယ် မဟာဗန္ဓုလလမ်းနှင့် တံတားဖြူရေမြောင်း အနီးရှိ အမှိုက်ပုံ၌ ဖမ်းဆီးရန်ကျန်တရားခံ **ရဲထက်နိုင်(ခ)ကျုံဒိုး** က လက်လုပ်မိုင်းတစ်လုံး ဖောက်ခွဲခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက်(ခ) အငယ်ကောင်**နှင့် **အေးသီတာဝင်း** တို့က အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဒလ PDF အမည်ခံ အကြမ်းဖက်အဖွဲ့သည် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှု ခြောက်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် **ထက်လင်းဦး(ခ) ကိုထက်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ရဲထက်နိုင်(ခ)ကျုံဒိုး**တို့သည် ဒလမြို့နယ် တပင်ရွှေထီးရပ်ကွက်ရှိ နယူးရွှေခရားကြီး လက်ဖက်ရည်ဆိုင်၌ အပြစ်မဲ့ပြည်သူ ဦးကျော်မင်းအား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **နိုင်လင်း**နှင့် **အေးသီတာဝင်း** တို့က အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- မေ ၁ ရက်တွင် **ထက်လင်းဦး(ခ) ကိုထက်**သည် ဒလမြို့နယ် ဝန်ထမ်းအိမ်ရာရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ဦးချစ်မိုးအား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **နိုင်လင်း** နှင့် **ဟိန်းထက်(ခ)အငယ်ကောင်** တို့က အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- ဩဂုတ် ၁၄ ရက်တွင် **ထက်လင်းဦး(ခ)ကိုထက်၊ ထူးထက်အောင်** နှင့် ဖမ်းဆီးရန် ကျန်တရားခံ **ရဲထက်နိုင် (ခ) ကျုံးဒိုး** တို့သည် ဒလမြို့နယ် စက်မြေရပ်ကွက် မင်းရဲကျော်စွာလမ်း၌ အပြစ်မဲ့ပြည်သူ ဦးကျော်ကျော်ဝင်းအား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက် (ခ) အငယ်ကောင်**နှင့် **အေးသီတာဝင်း** တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- ဩဂုတ် ၃၀ ရက်တွင် **ထက်လင်းဦး(ခ)ကိုထက်၊ ထူးထက်အောင်**နှင့် ဖမ်းဆီးရန် ကျန်တရားခံ **ရဲထက်နိုင်(ခ)ကျုံဒိုး** တို့က ဒလမြို့နယ် သမ္မတ ကမ်းခြေ ရပ်ကွက်အတွင်း၌ ရာအိမ်မှူး ဦးစိုးမင်းဦးအား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက်(ခ) အငယ်ကောင်၊ အေးသီတာဝင်း၊ ခိုင်ခိုင်ဝင်း(ခ) အရိုးမ**နှင့် **သက်ဝါဦး(ခ) တုတ်တုတ်** တို့က အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- စက်တင်ဘာ ၂၅ ရက်တွင် **ထက်လင်းဦး(ခ)ကိုထက်**သည် ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ဦးဝဏ္ဏထွန်းအား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက်(ခ) အငယ်ကောင်၊ ခိုင်ခိုင်ဝင်း (ခ) အရိုးမ**နှင့် **သက်ဝါဦး (ခ) တုတ်တုတ်** တို့က အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- စက်တင်ဘာ ၂၉ ရက်တွင် **ထက်လင်းဦး(ခ)ကိုထက်** နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ဇင်မင်းထွန်း** သည် ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၂၆ လမ်းထောင့်၌ တပ်ကြပ် မင်းထွန်းအား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက် (ခ) အငယ်ကောင်**နှင့် **မင်းမင်းဦး(ခ) ကျော်ဦး (ခ) ဝေလွင်ဦး** တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါအကြမ်းဖက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများကို ဒလမြို့နယ် NLD ပါတီ အလုပ်အမှုဆောင် တရားခံပြေး **ရဲနောင်** က ခိုင်းစေခဲ့ခြင်းဖြစ်ပြီး သိမ်းဆည်းရမိ လက်နက်/ခဲယမ်းများကို တရားခံပြေး **ရဲနောင်** က မြဝတီမြို့မှ တစ်ဆင့် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဒလမြို့နယ် NLD ပါတီ အလုပ်အမှုဆောင် တရားခံပြေး **ရဲနောင်**၏ ခိုင်းစေချက်အရ **ထူးထက်အောင်** နှင့်

*စာမျက်နှာ ၁၅ သို့*



၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ဒလမြို့နယ် မဟာဗန္ဓုလလမ်းနှင့် တံတားဖြူရေမြောင်းအနီးရှိ အမှိုက်ပုံ၌ လက်လုပ်မိုင်း ပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။

၂၀၂၂ ခုနှစ် မေ ၁ ရက်တွင် ဒလမြို့နယ် ဝန်ထမ်းအိမ်ရာရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



ဦးချစ်မိုး (သေဆုံး)

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဒလမြို့နယ် တပင်ရွှေထီးရပ်ကွက်ရှိ နယူးရွှေခရားကြီး လက်ဖက်ရည်ဆိုင်၌ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



ဦးကျော်မင်း

၂၀၂၂ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ရာဇသင်္ကြန်လမ်းနှင့် ဒလ-တွံတေး လမ်းထောင့်ရှိ ဝတီနန်းစတိုးဆိုင်ရှေ့၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။





၂၀၂၁ ခုနှစ် မေ ၇ ရက်တွင် ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် ဒလ - တွံတေးကားလမ်းဘေးရှိ မြို့နယ်ပညာရေးမှူးရုံးရှေ့၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ခုနှစ် ဇွန် ၂၀ ရက်တွင် ဒလမြို့နယ် တပင်ရွှေထီးရပ်ကွက် အထက (၄) ကျောင်းအနီး၌ လက်လုပ်ဗုံးတွေ့ရှိသည့် မှတ်တမ်းဓာတ်ပုံ။

၂၀၂၂ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် ဒလမြို့နယ် စက်မြေရပ်ကွက် မင်းရဲကျော်စွာလမ်း၌ အပြစ်မဲ့ပြည်သူ တစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



ဦးကျော်ကျော်ဝင်း

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ပန်းဘဲတန်းမြို့နယ် အမှတ်(၁)ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် (၂၆)လမ်းထောင့်၌ စစ်သည်တစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



တပ်ကြပ် မင်းထွန်း (သေဆုံး)

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



ဦးဝဏ္ဏထွန်း(သေဆုံး)

၂၀၂၂ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ဒလမြို့နယ် သမ္မတကမ်းခြေရပ်ကွက်၌ အပြစ်မဲ့ပြည်သူ တစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



ရာအိမ်မှူး ဦးစိုးမင်းဦး (သေဆုံး)

# ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၅ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ၁ ဦးရှိ

(၃-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉,၇၉၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၄၀,၆၈၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၂,၀၁၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၆၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၆,၁၈၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၄) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၀ | ၂၀၈၅ | ၂၀၈၀ | ၂၀၅၀ | ၂၀၈၅ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၄၅ | ၂၉၂၀ |
| 95 Ron | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၀ | ၂၂၀၅ | ၂၁၉၀ | ၂၁၇၀ | ၂၂၆၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၉၀ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၀ | ၂၄၄၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၇၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၇၅ | ၂၆၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၆၀၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၀၅ | ၂၆၁၅ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၈၇၀ | ၃၆၄၅ |
| HSD (50 ppm) | ၂၆၄၅ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၀ | ၂၆၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၇၅ | ၂၇၉၀ | ၂၇၈၅ | ၂၆၈၀ | ၂၆၉၀ | ၂၇၂၅ | ၂၇၂၅ | ၂၇၂၅ | ၂၉၄၅ | ၃၆၇၅ |
| HSD (10 ppm) | ၂၆၄၅ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၀ | ၂၆၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၇၅ | ၂၇၉၀ | ၂၇၈၅ | ၂၆၈၀ | ၂၆၉၀ | ၂၇၂၅ | ၂၇၂၅ | ၂၇၂၅ | ၂၉၄၅ | ၃၆၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၀ | ၂၀၁၃ |
| 95 Ron | ၂၀၃၅ | ၂၁၀၉ |
| HSD (500 ppm) | ၂၄၅၄ | ၂၅၃၃ |
| HSD (50 ppm) | ၂၅၂၆ | ၂၆၀၆ |
| HSD (10 ppm) | ၂၅၂၆ | ၂၆၀၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

*စာမျက်နှာ ၁၄ မှ*

ဖမ်းဆီးရန်ကျန်တရားခံ **ရဲထက်နိုင် (ခ) ကျုံဒိုး** တို့က ဦးဆောင်၍ သဃ်န်းကျွန်းမြို့နယ် ဘဝမြင့်မှတ်တိုင်အနီးရှိ A ဘဏ်နှင့် ရတနာရွှေဆိုင်တို့အား ခါးပြတိုက်လုယက်မှုများ ကျူးလွန်၍ ရရှိသော ငွေကြေးများအား အသုံးပြုကာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် စီစဉ်ထားရှိကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဒလမြို့နယ် NLD ပါတီ အလုပ်အမှုဆောင် တရားခံပြေး **ရဲနောင်** ၏ ခိုင်းစေချက်အရ **တင်အောင်လွင်(ခ)သားကြီး၊ ဦးသန်း၊ တင်ဇော်သိန်း(ခ)ဂန္ဓီ၊ ဇင်မိုးဦး၊ အောင်ဇော်မျိုးနှင့် ဇော်ဝင်းအောင် (ခ) စိန်ကုလား** တို့သည် ဒလ PDF အကြမ်းဖက်အဖွဲ့အတွက် လူမှုကွန်ရက်မှတစ်ဆင့် ပြည်တွင်း/ပြည်ပရှိ အစွန်းရောက် NLD ပါတီဝင်များနှင့် အကြမ်းဖက်အဖွဲ့အား ထောက်ခံသူများထံမှ နည်းလမ်းမျိုးစုံဖြင့် အလှူငွေများကောက်ခံ၍ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံ သတ်ဖြတ်ခြင်းများတွင် အသုံးပြုခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတိုင်း ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

# နိုင်ငံရေးရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက်အရေးပါသော ပြည်သူ့အုပ်ချုပ်ရေး ...

**သိန်းထွန်း (IR)**

> ❖ **ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်သည် နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုကို အထောက်အကူဖြစ်စေသကဲ့သို့ အရည်အသွေးအားနည်းသော အုပ်ချုပ်ရေးစနစ်တစ်ရပ်သည်လည်း နိုင်ငံကို ဆုတ်ယုတ်မှု ဖြစ်စေပါသည်။ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ပတ်သက်၍ နိုင်ငံတကာ သဘောတူညီထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသော်လည်း ကောင်းမွန်သော အုပ်ချုပ်ရေးတွင် ပါဝင်သည့် အသွင်လက္ခဏာရှစ်ခုရှိကြောင်း ကုလသမဂ္ဂအာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်က ဆိုပါသည်။ ယင်းတို့မှာ ပူးပေါင်းပါဝင်မှု၊ အများဆန္ဒကို အခြေခံမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ တုံ့ပြန်နိုင်စွမ်းရှိမှု၊ စွမ်းရည်ရှိမှုနှင့် ထိရောက်မှု၊ တန်းတူညီမျှမှုနှင့် အားလုံးပါဝင်နိုင်မှုနှင့် ဥပဒေကို လေးစားလိုက်နာမှုတို့ ဖြစ်ပါသည်**

### အုပ်ချုပ်ရေး

အုပ်ချုပ်ရေး (Governance) သည် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်နှင့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် (သို့မဟုတ်) အကောင်အထည်မဖော်သည့် လုပ်ငန်းစဉ်ဟု ကုလသမဂ္ဂ အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်က ဖွင့်ဆိုပါသည်။

နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်ရေးသည် လူထု၏အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လူ့အဖွဲ့အစည်း၏ စီးပွားရေးနှင့် လူမှုရေးရင်းမြစ်များကို စုစည်းရာတွင် အုပ်ချုပ်ရေးအာဏာ၊ ထိန်းကျောင်းမှုနှင့် အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးသည့် လုပ်ငန်းစဉ်ဟုလည်း ဆိုပါသည်။ ယင်းလုပ်ငန်းစဉ်တွင် နိုင်ငံတစ်နိုင်ငံ၏ ရေးရာများကို စီမံခန့်ခွဲရန်အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးအာဏာများကို ကျင့်သုံးခြင်းများ ပါဝင်ပါသည်။

ကုလသမဂ္ဂ၏ အဆိုအရ အုပ်ချုပ်ရေးသည် နိုင်ငံကို အုပ်ချုပ်ရန်အတွက် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးအာဏာများကို ကျင့်သုံးခြင်းကို ရည်ညွှန်းခေါ်ဆိုပါသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က အုပ်ချုပ်ရေးသည် နိုင်ငံတစ်နိုင်ငံကို စီးပွားရေး၊ မူဝါဒနှင့် ဥပဒေရေးရာကဏ္ဍများ ပါဝင်သော စီမံခန့်ခွဲမှု အယူအဆတစ်ခုအဖြစ် ဆိုပါသည်။ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ကဏ္ဍသုံးရပ်တွင် အုပ်ချုပ်ရေးလုပ်ငန်းစဉ်သည် နိုင်ငံအတွက် အခြေခံအကျဆုံး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် တွေ့ရပါသည်။

### ကောင်းမွန်သောအုပ်ချုပ်ရေး (Good Governance)

**ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်သည် နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုကို အထောက်အကူဖြစ်စေသကဲ့သို့ အရည်အသွေးအားနည်းသော အုပ်ချုပ်ရေးစနစ်တစ်ရပ်သည်လည်း နိုင်ငံကို ဆုတ်ယုတ်မှု ဖြစ်စေပါသည်။ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာ သဘောတူညီထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသော်လည်း ကောင်းမွန်သော အုပ်ချုပ်ရေးတွင် ပါဝင်သည့် အသွင်လက္ခဏာရှစ်ခုရှိကြောင်း ကုလသမဂ္ဂအား ရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်က ဆိုပါသည်။ ယင်းတို့မှာ ပူးပေါင်းပါဝင်မှု၊ အများဆန္ဒကို အခြေခံမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ တုံ့ပြန်နိုင်စွမ်းရှိမှု၊ စွမ်းရည်ရှိမှုနှင့် ထိရောက်မှု၊ တန်းတူညီမျှမှုနှင့် အားလုံးပါဝင်နိုင်မှုနှင့် ဥပဒေကို လေးစားလိုက်နာမှုတို့ ဖြစ်ပါသည်။**

**ကောင်းမွန်သောအုပ်ချုပ်ရေးသည် အဂတိလိုက်စားမှု လျော့နည်းစေရန်အတွက် လူနည်းစု၏ဆန္ဒကို ထည့်သွင်းစဉ်းစားသည့်အပြင် ဆုံးဖြတ်ချက်ချမှတ်ရာတွင် လူ့အဖွဲ့အစည်းအတွင်းရှိ အများဆုံး ထိခိုက်နိုင်ခြေရှိသူများ၏ ဆန္ဒကို အလေးထားပါသည်။ ထို့အပြင် လူ့အဖွဲ့အစည်း၏ ပစ္စုပ္ပန်အခြေအနေနှင့် အနာဂတ်အတွက် လိုအပ်ချက်များကို တုံ့ပြန်နိုင်စွမ်းလည်း ရှိကြပါသည်။ တစ်နည်းအားဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်သည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ အောင်မြင်စေရန်အတွက် လိုအပ်သော နိုင်ငံရေးနှင့် အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ ရလဒ်များနှင့် ဆက်စပ်နေပါသည်။**

### ပြည်သူ့အုပ်ချုပ်ရေး (Public Administration)

ပြည်သူ့အုပ်ချုပ်ရေးသည် အများပြည်သူအကျိုးမြှင့်တင်ရန်နှင့် အပြုသဘော ပြောင်းလဲမှုကို ထိရောက်စေရန်အတွက် ဦးဆောင်သူများက လူထုအား ဝန်ဆောင်ပေးသည့် နယ်ပယ်တစ်ခုဖြစ်ပါသည်။ အမေရိကန်သမ္မတ Woodrow Wilson အဆိုအရ ပြည်သူ့အုပ်ချုပ်ရေးသည် ဥပဒေများနှင့် ပြည်သူ့ရေးရာမူဝါဒများကို စနစ်တကျ ကျင့်သုံးခြင်းဟု ဆိုပါသည်။ ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်တွင် အစိုးရလုပ်ငန်းများဆိုင်ရာ စီမံကိန်းရေးဆွဲခြင်း၊ ဖွဲ့စည်းခြင်း၊ ညွှန်ကြားခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကွပ်ကဲခြင်းတို့ ပါဝင်ပါသည်။ ပြည်သူ့အုပ်ချုပ်ရေးသည် ပြည်သူလူထုအား ဝန်ဆောင်မှုများ ထောက်ပံ့ပေးပြီး ပြည်သူလူထု၏ အကျိုးစီးပွားများကို နည်းလမ်းအမျိုးမျိုးဖြင့် ဝန်ဆောင်မှုပေးပါသည်။ တစ်နည်းအားဖြင့် ပြည်သူ့အုပ်ချုပ်ရေးယန္တရားများနှင့် လုပ်ငန်းစဉ်များသည် ပြည်သူလူထုနှင့် အနီးကပ်ဆုံး ဆက်စပ်လျက်ရှိကြပြီး အုပ်ချုပ်ရေးယန္တရားများသည် အထက်နှင့်အောက်ကို ဆက်စပ်ပေးနေသည့် ပင်နီယံများလည်း ဖြစ်ပါသည်။

ထို့အပြင် ပြည်သူ့အုပ်ချုပ်ရေးစနစ်များ ပါဝင်သည့် စီမံခန့်ခွဲသူများနှင့် ဒေသန္တရအဆင့်ယန္တရားများသည် အစိုးရ၏မူဝါဒများကို လက်တွေ့အောင်မြင်စေပြီး နိုင်ငံတော်၏ လုပ်ငန်းတာဝန်များနှင့် ဝန်ဆောင်မှုများကို ဖြန့်ခွဲပေးသည့် လမ်းကြောင်းလည်း ဖြစ်ပါသည်။ ထိုသို့ အကောင်အထည်ဖော်ရာတွင် ပြည်သူ့အုပ်ချုပ်ရေး၏ စွမ်းဆောင်နိုင်မှုများ အပေါ်မူတည်၍ အစိုးရတစ်ရပ်၏ နိုင်ငံရေးကတိများကို ပြည့်ဝစေပြီး အထူးကိစ္စရပ်များကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ပါသည်။ ပြည်သူ့အုပ်ချုပ်ရေးစနစ်၏ အဓိက လုပ်ငန်းစဉ်တစ်ရပ်မှာ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြစ်ပြီး ထိုသို့ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကြား ဆက်ဆံရေး ချောမွေ့စေပါသည်။ သို့ဖြစ်ရာ ပြည်သူ့အုပ်ချုပ်ရေးစနစ်သည် အစိုးရနှင့် ပြည်သူလူထုအကြား ပူးပေါင်းလုပ်ဆောင်မှုမြှင့်တင်ရန်အတွက် အကောင်းဆုံးယန္တရားတစ်ခု ဖြစ်ပါသည်။

### စွမ်းဆောင်ရည်မြင့်မားသော ပြည်သူ့အုပ်ချုပ်ရေး

ပြည်သူ့အုပ်ချုပ်ရေးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမက နိုင်ငံသားတစ်ဦးချင်းစီ၏ နေ့စဉ်လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့စေရေးကို အထောက်အကူပြုလျက်ရှိပါသည်။ စွမ်းဆောင်ရည်ပြည့်ဝသော ပြည်သူ့အုပ်ချုပ်ရေးစနစ်များကြောင့် လူ့အဖွဲ့အစည်းအတွင်း တည်ငြိမ်မှုရရှိစေပြီး ပြည်သူ့ရေးရာစိန်ခေါ်မှုများကို လျော့ကျစေပါသည်။ E N Gladden ၏ အဆိုအရ ထိရောက်သော ပြည်သူ့အုပ်ချုပ်ရေး၏ လက္ခဏာသုံးရပ် ရှိပါသည်။

၎င်းတို့မှာ သတ်မှတ်ထားသည့် လုပ်ငန်းဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီရန် လိုအပ်ခြင်း၊ ပို၍အရေးပါသည့် အုပ်ချုပ်ရေးဆိုင်ရာ နည်းစနစ်များ သို့မဟုတ် လူမှုပတ်ဝန်းကျင်အတွင်း ပြောင်းလဲမှုများကြောင့် မြင့်တက်လာနိုင်သော ရေရှည်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ ပြည်သူ့အုပ်ချုပ်ရေးသည် ဗဟိုမှ ချမှတ်ထားသော စီမံကိန်းနှင့် လိုက်လျောညီထွေဖြစ်ရုံသာမက သီးခြားဌာနများ၏ အထူးလိုအပ်ချက်များနှင့်လည်း ကိုက်ညီရန် လိုအပ်ခြင်းတို့ ဖြစ်ပါသည်။

ထို့အပြင် လျင်မြန်စွာ ခေတ်မီတိုးတက်နေသည့် အချိန်ကာလတွင် တစ်ကမ္ဘာလုံး ဆက်နွယ်လာမှု၊ နည်းပညာတိုးတက်မှု၊ စီးပွားရေးတိုးတက်လာမှု၊ လူသားတို့၏ လိုအပ်ချက်များ ယခင်ကထက် များပြားလာခြင်းတို့ကြောင့် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ စွမ်းဆောင်ရည်များ ပိုမိုမြှင့်တင်နေကြရပါသည်။ ပြည်သူ့အုပ်ချုပ်ရေး စွမ်းဆောင်ရည်များ မြင့်မားရေး ဆောင်ရွက်နေချိန် တစ်ဖက်တွင် စိန်ခေါ်မှုများလည်း ရှိနေဆဲ ဖြစ်ပါသည်။

ယင်းစိန်ခေါ်မှုများတွင် လွဲမှားသော စီမံခန့်ခွဲမှုများ သို့မဟုတ် အဂတိလိုက်စားမှုများ၊ ဝန်ထမ်းများ စိတ်ဓာတ်မတက်ကြွခြင်း သို့မဟုတ် လေ့ကျင့်သင်ကြားမှုအားနည်းခြင်း၊ အစိုးရဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ မကိုက်ညီခြင်း၊ ကြိုးနီစနစ်များရှိနေခြင်း ကဲ့သို့သော အခက်အခဲအတားအဆီးများကြောင့် နိုင်ငံသားများသည် ထိရောက်ကောင်းမွန်သည့် ဝန်ဆောင်မှုများ မရရှိသည့်အပြင် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ ရရှိရန်အတွက် ရှုပ်ထွေးသည့် ဗျူရိုကရေစီယန္တရားများနှင့် ရင်ဆိုင် နေကြရပါသည်။ ယင်းစိန်ခေါ်မှုများသည် အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုမိုတွေ့ကြုံနေကြရပါသည်။

ယနေ့အခါ နိုင်ငံသားများသည် မိမိတို့၏ရပိုင်ခွင့်များနှင့် အစိုးရ၏တာဝန်များကို ပိုမိုသိရှိလာကြပါသည်။ သို့ဖြစ်ရာ ပြည်သူ့အုပ်ချုပ်ရေး၏ အခန်းကဏ္ဍနှင့် တာဝန်များသည် သဘောသဘာဝအရ ပို၍အရေးပါလာနေပါပြီး ပြောင်းလဲနေသည့် လိုအပ်ချက်များနှင့် လူ့အဖွဲ့အစည်း၏ တောင်းဆိုမှုများကို တုံ့ပြန်ရန်အတွက် စဉ်ဆက်မပြတ် ပြောင်းလဲလျက်ရှိနေပါသည်။ ထိုပြောင်းလဲမှုများတွင် နည်းပညာများ ထိုးဖောက်ဝင်ရောက်လာခြင်း၊ စီမံခန့်ခွဲဆိုင်ရာ အယူအဆအသစ်များ ကျင့်သုံးလာခြင်း၊ လူထု၏ လိုအပ်ချက်နှင့် ဆန္ဒများကို ထည့်သွင်းစဉ်းစားလာခြင်းများသည် ပြည်သူ့အုပ်ချုပ်ရေးနယ်ပယ်မှ ခေတ်ရေစီးကြောင်းအသစ်အချို့အဖြစ် တွေ့ရပါသည်။

ထိုသို့သော အခြေအနေမျိုးတွင် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် တည်ဆောက်ရေး၊ နိုင်ငံရေးရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့လာစေရန် ထိရောက်၍ စွမ်းရည်ပြည့်ဝသည့် ပြည်သူ့အုပ်ချုပ်ရေးစနစ်များကို နိုင်ငံအဆင့်၊ ဒေသဆိုင်ရာ အဆင့်အလိုက် မြှင့်တင်ရန် လိုအပ်မည်ဖြစ်ပါသည်။ ပြည်သူ့အုပ်ချုပ်ရေး၏ စွမ်းဆောင်ရည်မြှင့်တင်ရာတွင် သမားရိုးကျအုပ်ချုပ်မှုပုံစံများကို ခေတ်၏ အခြေအနေ၊ နိုင်ငံ၏အခြေအနေနှင့် ပြည်သူလူထု၏လိုအပ်ချက်များအလိုက် ပြုပြင်ပြောင်းလဲ၍ မြှင့်တင်ကြရမည် ဖြစ်ပါသည်။

### ပြည်သူ့အုပ်ချုပ်ရေးပုံစံသစ် (New Public Administration)

ပြည်သူ့အုပ်ချုပ်ရေး ပုံစံသစ်သည် ၁၉၆၀ ပြည့်နှစ်များအတွင်း ပေါ်ပေါက်လာခဲ့ပြီး ပြည်သူ့ရေးရာကဏ္ဍကို စီးပွားရေးဆန်ဆန် ပို၍လုပ်ဆောင်နိုင်ရန် ကြိုးပမ်းချက်တစ်ခု ဖြစ်ပါသည်။ ယင်းသည် ပုဂ္ဂလိကကဏ္ဍမှ အတွေးအခေါ်များနှင့် စီမံခန့်ခွဲမှုပုံစံများကိုယူ၍ အစိုးရ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန် ဖြစ်ပါသည်။ ပြည်သူ့အုပ်ချုပ်ရေးပုံစံသစ်သည် ရလဒ်ကောင်းများ ပိုမိုရရှိရန်အတွက် အရင်းအမြစ်ထိန်းချုပ်မှုကို ပိုမိုလျှော့ချထားပြီး အခြားဝန်ဆောင်မှုပေးသည့် ပုံစံများကိုအသုံးပြုခြင်းတို့ ပါဝင်ပါသည်။ ထို့အပြင် ဝန်ဆောင်မှုပေးရာတွင် ပိုမိုကောင်းမွန်၍ မြန်ဆန်စေရေး ကြိုးပမ်းမှုအဖြစ် အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိက ဝန်ဆောင်မှုပေးသူများ တစ်ဖက်နှင့်တစ်ဖက် ပြိုင်ဆိုင်မှု ရှိသည့် ဈေးကွက်ပုံစံတစ်ပိုင်းလည်း ပါဝင်ပါသည်။ ပြည်သူ့အုပ်ချုပ်ရေးပုံစံသစ်၏ အဓိကဦးတည်ချက်မှာ ရလဒ်နှင့် ပြည်သူလူထုကိုအခြေခံခြင်း ဖြစ်ပါသည်။ ထိုဦးတည်ချက် အောင်မြင်စေရန်အတွက် ပြည်သူ့အုပ်ချုပ်ရေး ပုံစံသစ်သည် စွမ်းဆောင်ရည်နှင့် ဈေးကွက်ဆိုင်ရာပုံစံများ စစ်ဆေးသုံးသပ်ခြင်းအပြင် ရည်မှန်းချက်များအလိုက် စီမံခန့်ခွဲမှုပညာကို အသုံးချခြင်းလည်း ပါဝင်ပါသည်။

၎င်းအပြင် ပြည်သူ့အုပ်ချုပ်ရေးပုံစံသစ်၏ ချို့ယွင်းချက်များကို တုံ့ပြန်သည့် ပြည်သူ့ဝန်ဆောင်မှုပုံစံသစ် အယူအဆလည်း တွေ့ရပါသည်။ ဤအယူအဆအရ ပြည်သူ့အုပ်ချုပ်ရေးသည် လူ့အဖွဲ့အစည်းကို ထိန်းချုပ်ရန် သို့မဟုတ် စီမံခန့်ခွဲရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ နိုင်ငံသားများ၏ အကျိုးစီးပွားများဆိုင်ရာ ကျေနပ်မှုရရှိစေရန်နှင့် အောင်မြင်မှုရရှိစေရန် ကူညီပေးခြင်းဖြစ်သည်ကို တွေ့ရသည်။

ယင်းအယူအဆ၏ အနှစ်သာရ ရရှိစေသည့် အခြေခံအချက် ခုနစ်ချက်ရှိပါသည်။ ယင်းတို့တွင် စီမံခန့်ခွဲမှုနည်းနည်းဖြင့် ဝန်ဆောင်မှုပိုမိုရရှိစေခြင်း၊ မဟာဗျူဟာကျကျ တွေးခေါ်၍ ဒေသအလိုက်

*စာမျက်နှာ ၁၇ သို့*

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ရုံးအဖွဲ့စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကျင်းပ





**နေပြည်တော် နိုဝင်ဘာ ၃**

လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ရုံးအဖွဲ့စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ကာကွယ်တားဆီးရေးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနား၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှု(၆)ရပ်တို့ကို ကာကွယ်တားဆီးရေး ဆောင်ရွက်ခြင်းသည် ကလေးသူငယ်များအပါအဝင် လူတစ်ဦးချင်းစီ၏ အခွင့်အရေးတို့ကို နေရာဒေသ၊ လူမျိုးမရွေး ခွဲခြားမှုမရှိဘဲ တန်းတူညီမျှရရှိခံစားနိုင်ရေး၊ သက်ဆိုင်ရာ ရပ်ရွာပတ်ဝန်းကျင်အတွင်း လုံခြုံအေးချမ်းစွာ ရှင်သန်နေထိုင်ရေး၊ လုပ်ကိုင်စားသောက်နိုင်ရေး၊ လူ့အဖွဲ့အစည်း၏ လူ့စွမ်းအားအရင်းအမြစ်များ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နိုင်ရေးတို့ကို ရရှိစေမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကြိုးပမ်းဆောင်ရွက်ချက်တို့ကို ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ပါကြောင်း။

အကျိုးရလဒ်အဖြစ် ကာကွယ်တားဆီးရေးကော်မတီ၏ ထုတ်ပြန်ကြေညာချက် ထုတ်ပြန်ပြီး လုပ်ငန်းစီမံချက် စတင်ဆောင်ရွက်နိုင်ခြင်း၊ Helpline အကောင်အထည်ဖော်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယနေ့တွင်လည်း ကာကွယ်တားဆီးရေးကော်မတီ၏ ရုံးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ကြမည့် ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များအတွက် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများဆိုင်ရာ သဘောတရားများ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအတွက် အခြေခံလိုအပ်ချက်များ ဥပမာအားဖြင့် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းများရရှိနိုင်ရန် ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကျင့်သုံးဆောင်ရွက်နေသည့် ဥပဒေမူဘောင်များ၊ ကြုံတွေ့ရသည့် အခက်အခဲများ စသည်တို့ကို လေ့လာသိရှိနိုင်မည် ဖြစ်ပါကြောင်း၊ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများနှင့် စပ်လျဉ်းပြီး ဆက်စပ် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ဆောင်ရွက်ခြင်းများ ပိုမိုကောင်းမွန်လာစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

သင်တန်းကို နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ကာကွယ်တားဆီးရေးကော်မတီရုံးအဖွဲ့ဝင်များအတွက် ဘာသာရပ်အလိုက် ကျွမ်းကျင်သူများက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၁၆ မှ*

လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ဖောက်သည်ကိုမဟုတ်ဘဲ ပြည်သူလူထုကို ဝန်ဆောင်မှုပေးခြင်း၊ တာဝန်ယူမှုသည် လွယ်ကူသည့် အလုပ်မဟုတ်သော်လည်း တာဝန်ရှိသူများသည် ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်ရာတွင် ဥပဒေများ၊ လူ့အဖွဲ့အစည်း၏ တန်ဖိုးများ၊ နိုင်ငံရေးစံနှုန်းများ၊ ပရော်ဖက်ရှင်နယ် စံနှုန်းများနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားခြင်း၊ တာဝန်ရှိသူများသည် ၎င်းတို့၏ လုပ်ဆောင်ချက်များအပြင် ပြည်သူလူထုအား လေးစားခြင်း၊ တာဝန်ရှိသူများသည် နိုင်ငံသားများနှင့် ပြည်သူ့ဝန်ဆောင်မှုများကို တန်ဖိုးထားခြင်းတို့ကိုတွေ့ရပါသည်။

ပြည်သူ့အုပ်ချုပ်ရေး ပုံစံသစ်သည် သမားရိုးကျ ပြည်သူ့အုပ်ချုပ်ရေး၏ အားနည်းချက်များကို ပြုပြင်၍ ပြည်သူလူထုအား ထိရောက်သောဝန်ဆောင်မှု ရရှိစေရန် ရည်ရွယ်သည်ကို တွေ့ရပါသည်။

**“ကောင်းမွန်သောအုပ်ချုပ်ရေးသည် အဂတိလိုက်စားမှု လျော့နည်းစေရန်အတွက် လူနည်းစု၏ဆန္ဒကို ထည့်သွင်းစဉ်းစားသည့်အပြင် ဆုံးဖြတ်ချက်ချမှတ်ရာတွင် လူ့အဖွဲ့အစည်းအတွင်းရှိ အများဆုံးထိခိုက်နိုင်ခြေရှိသူများ၏ ဆန္ဒကိုအလေးထားပါသည်။ ထို့အပြင် လူ့အဖွဲ့ အစည်း၏ ပစ္စုပ္ပန်အခြေအနေနှင့် အနာဂတ်အတွက် လိုအပ်ချက်များကို တုံ့ပြန်နိုင်စွမ်းလည်း ရှိကြပါသည်။ တစ်နည်းအားဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်သည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ အောင်မြင်စေရန်အတွက် လိုအပ်သော နိုင်ငံရေးနှင့် အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ ရလဒ်များနှင့် ဆက်စပ်နေပါသည်”**

## ပြုပြင်ပြောင်းလဲရေး

ပြည်သူ့အုပ်ချုပ်ရေးသည် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုစီးပွားဘဝများမြှင့်တင်ရေး၊ အခြေခံအဆောက်အအုံများ တိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို စီမံခန့်ခွဲခြင်းနှင့် တရားဥပဒေစိုးမိုးရေး ထိန်းသိမ်းခြင်း စသည့်နယ်ပယ်များစွာကို ကိုင်တွယ်ဖြေရှင်းကြရပါသည်။ ထိုသို့များပြားလှသော လုပ်ငန်းတာဝန်များ ထိရောက်စေရန်အတွက် ပြည်သူ့အုပ်ချုပ်ရေး စွမ်းရည်ကို ဟန်ချက်ညီ ပြောင်းလဲတိုးတက်မှသာ ရလဒ်ကောင်းများကို ရရှိစေနိုင်ပါသည်။

ထို့အပြင် ပြောင်းလဲနေသည့်ခေတ်နှင့်အညီဖြစ်စေရန်အတွက် ပြည်သူ့အုပ်ချုပ်ရေးအား စွမ်းဆောင်နိုင်မှုအပေါ် အခြေခံခြင်း၊ ဖွဲ့စည်းမှု၊ လူသားရင်းမြစ်စီမံခန့်ခွဲမှု၊ နည်းပညာများ ပိုမိုအသုံးချခြင်းတို့မှာလည်း ခေတ်နှင့်အညီ ပြောင်းလဲရမည့် ကဏ္ဍများအဖြစ် တွေ့ရပါသည်။ သမားရိုးကျပြည်သူ့အုပ်ချုပ်ရေးတွင် တွေ့ရှိရသည့် အားနည်းချက်များကို ပြုပြင်ပြောင်းလဲရာတွင် e-government ကျင့်သုံးခြင်းဖြင့်လည်း မြန်ဆန်ထိရောက်စေသည့်အပြင် ပြည်သူ့အုပ်ချုပ်ရေးတွင် ပွင့်လင်းမြင်သာမှု၊ တန်းတူညီမျှမှု၊ ကုန်ကျမှုနှင့်အညီ ထိရောက်မှုနှင့် တုံ့ပြန်နိုင်မှု အရည်အသွေးများကို ရရှိစေပါသည်။

ပြည်သူ့အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန်အတွက် အုပ်ချုပ်ရေးဆိုင်ရာ အဆင့်တိုင်းရှိ ပြည်သူ့အုပ်ချုပ်ရေး စွမ်းဆောင်ရည်နှင့် ထိရောက်မှုများကို အသိအမှတ်ပြုခြင်း၊ ပြောင်းလဲခြင်း၊ မြှင့်တင်ခြင်းများ လုပ်ဆောင်ကြရပါသည်။ ပြည်သူ့အုပ်ချုပ်ရေးကို မြှင့်တင်ရာတွင် ပြည်သူ့အုပ်ချုပ်ရေး စနစ်အတွင်း ကဏ္ဍအလိုက် မတူညီသော လိုအပ်ချက်ပေါင်းများစွာ ရှိနိုင်ပါသည်။ ယင်းလိုအပ်ချက်များနှင့် အားလုံးအကျုံးဝင်သည့် ကဏ္ဍငါးခုမှာ -

- (က) ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ဖွဲ့စည်းမှုပုံစံ၊
- (ခ) တိကျသော အခန်းကဏ္ဍများနှင့် တာဝန်ယူမှုများ၊
- (ဂ) စနစ်များနှင့် လုပ်ထုံးလုပ်နည်းများ၊
- (ဃ) လူသားရင်းမြစ်များ၊
- (င) ဘဏ္ဍာရေးရင်းမြစ်များ ပါဝင်ပါသည်။

## ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး

ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံအတွက် ပြည်သူ့အုပ်ချုပ်ရေး၏ စွမ်းဆောင်ရည် ပြည့်ဝမှုအပေါ် မူတည်၍ နိုင်ငံရေရှည် ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားများဖြစ်စေပါသည်။ ဆန့်ကျင်ဘက်အနေဖြင့် စွမ်းဆောင်ရည် မပြည့်ဝမှုကြောင့် နောက်ပြန်ဆွဲအားများ ဖြစ်စေနိုင်သည်ကိုလည်း သတိပြုကြရပါမည်။ ပြည်သူ့အုပ်ချုပ်ရေး၏ လုပ်ငန်းစဉ်များသည် ပြည်သူကိုဗဟိုပြု ဆောင်ရွက်ရသည် ဖြစ်ရာ ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ တိုးတက်မြင့်မားသည်နှင့် ပြည်သူတစ်ဦးချင်း သို့မဟုတ် လူ့အဖွဲ့အစည်းအတွက် နေ့စဉ်လူမှုစီးပွားဘဝများကို အဆင်ပြေချောမွေ့စေပြီး ရလဒ်ကောင်းများ ရရှိစေမည် ဖြစ်ပါသည်။

အခြားတစ်ဖက်တွင် ချို့ယွင်းအားနည်းသော ပြည်သူ့အုပ်ချုပ်ရေးစနစ်များကြောင့် လူထုအပေါ် ဝန်ထုပ်ဝန်ပိုးများဖြစ်စေသည့်အပြင် ဘေးထွက်ဆိုးကျိုးအနေဖြင့် ပြည်သူလူထု၏ ပူးပေါင်းလုပ်ဆောင်မှုအားနည်းလာခြင်း၊ ယုံကြည်မှုကျဆင်းခြင်း၊ စီးပွားရေးလုပ်ကိုင်ရန် ခက်ခဲလာခြင်း၊ တရားဥပဒေစိုးမိုးရေးကျဆင်းခြင်း စသည့် အကျိုးဆက်များလည်း ဖြစ်ပေါ်လာတတ်ကြပါသည်။

အထက်ပါအချက်များသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေသည့်အပြင် နက်နဲကျယ်ပြန့်သည့် လုပ်ငန်းစဉ်များဖြစ်သဖြင့် ပြုပြင်ပြောင်းလဲရာတွင် စိန်ခေါ်မှုများစွာ တွေ့ရမည်ဖြစ်ပါသည်။ သို့သော်လည်း ရင်ဆိုင်နေရသည့် ရေတိုစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် နိုင်ငံတည်ဆောက်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။ ။


**ကိုးကား-**

၁။ What is Good Governance? , United Nations Economic and Social Commission for Asia and the Pacific.

၂။ Role of Public Administration in Good Governance and Local Development, International Journal of Economics, Commerce and Management, Vol. V, Issue 5, May 2017

၃။ Good governance a nd its relationship to governance of public administration, Security Theory and Practice 4/2017 survey article

# ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာဝင်ငွေအား တရားဝင်လွှဲပြောင်းပေးပို့၍ အခွန်ဆိုင်ရာ အကျိုးခံစားခွင့်များကို ရယူပါ

ပြည့်ဖြိုးအောင် (စီမံ/ဘဏ္ဍာ)

မိမိတို့မြန်မာနိုင်ငံမှ စင်ကာပူ၊ ကိုရီးယား၊ ထိုင်းနှင့် မလေးရှားအပါအဝင် ပြည်ပနိုင်ငံများသို့သွားရောက်၍ ဝမ်းရေးအတွက် အလုပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများစွာရှိပါသည်။ ၎င်းတို့သည် ပြည်ပတွင် နိုင်ငံခြားငွေဖြင့် လုပ်ခလစာများရရှိကြပြီး အဆိုပါလုပ်ခလစာဝင်ငွေကို ကိုယ့်နိုင်ငံသို့ တရားဝင်ဘဏ်လမ်းကြောင်းများမှ တစ်ဆင့်ပြန်လည်လွှဲပြောင်းပေးပို့မှုများ ပြုလုပ်ကြရပါသည်။ ပြည်ပသို့သွားရောက် လုပ်ကိုင်နေသူများထံမှ ၎င်းတို့၏မိသားစုများထံသို့ လွှဲပို့ငွေ ၊ မိခင်နိုင်ငံသို့ ပြန်လည်လွှဲပို့ငွေများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံတော်၏ နိုင်ငံခြားငွေရှာဖွေရေးအတွက် အထောက်အပံ့ဖြစ်စေပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားငွေဖြင့် ရရှိလာသည့် လစာဝင်ငွေနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအခွန်အကောက်ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းကာ အကျိုးခံစားခွင့်များပေးအပ်ထားပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ အများပြည်သူ အလွယ်တကူ သိရှိနားလည်စေရန် အသိပေးကြေညာချက်ထုတ်ပြန်၍ ရှင်းလင်းထားပါသည်။ ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့၏ နိုင်ငံခြားငွေဖြင့်ရရှိလာသည့် လစာဝင်ငွေများကို နိုင်ငံအတွင်းသို့ ဘဏ်များ (သို့မဟုတ်) တရားဝင်ငွေလွှဲခွင့်ရရှိထားသည့် လုပ်ငန်းများမှတစ်ဆင့် ပြန်လည်လွှဲပြောင်းပေးပို့ပြီးနောက် အဆိုပါငွေကြေးဖြင့် ပြည်တွင်း၌ အခြေပစ္စည်းများကို ဝယ်ယူခြင်းများ ပြုလုပ်သည့်အခါ ဝင်ငွေခွန်ထပ်မံပေးဆောင်ရန် မလိုအပ်တော့သည့် အခွန်လျှော့ပေါ့သက်သာခွင့်ရရှိနိုင်သော ဝင်ငွေရလမ်းအဖြစ်တင်ပြ၍ ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

**အခြေပစ္စည်းဆိုသည်မှာ**

အထက်တွင် ဖော်ပြထားသည့် ပြည်တွင်း၌ ဝယ်ယူနိုင်သော အခြေပစ္စည်းဟူသည့် စကားရပ်ကို ဝင်ငွေခွန်ဥပဒေ၊ ပုဒ်မ ၃(ထ) ၌ **“မြေ၊ အဆောက်အအုံနှင့် ယင်းတို့၏ အခန်းများ၊ ယာဉ်နှင့်လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းများကို ဆိုလိုပါသည်။ ယင်းစကားရပ်တွင် အစုရှယ်ယာနှင့် ကတိခံဝန်ချုပ်တို့အပြင် ငွေချေးသက်သေခံလက်မှတ်များ၊ ယင်းတို့ကဲ့သို့သော အလားသဏ္ဌာန်တူစာချုပ်စာတမ်းများလည်း ပါဝင်သည်”** ဟု ပြဋ္ဌာန်းထားပါသည်။

ဆိုလိုသည်မှာ ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် ပြည်ပတွင် မိမိတို့နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာဝင်ငွေကို ပြည်တွင်းသို့ တရားဝင် ဘဏ်လမ်းကြောင်းများ သို့မဟုတ် ငွေလွှဲလုပ်ငန်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ပြီးနောက် အဆိုပါငွေကြေးဖြင့် ပြည်တွင်း၌ အထက်ရှင်းလင်းချက်ပါ အခြေပစ္စည်းများဖြစ်သည့် မော်တော်ယာဉ်၊ အိမ်၊ တိုက်ခန်း၊ ခြံ၊ မြေ စသည်တို့ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့် အစုရှယ်ယာများကို ဝယ်ယူရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်သည့်အခါတွင် တည်ဆဲဝင်ငွေခွန်ဥပဒေအရ ဝင်ငွေရလမ်း စိစစ်မှုခံယူပြီး ဝင်ငွေရလမ်းတင်ပြနိုင်ပါက ဝင်ငွေခွန်ထပ်မံပေးဆောင်ရန် မလိုအပ်တော့သည့် အခွန်ဆိုင်ရာ အကျိုးခံစားခွင့် ရရှိနိုင်မည်ဟု ဆိုလိုခြင်းပင်ဖြစ်ပါသည်။

**လစာဝင်ငွေဆိုရာတွင်**

ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားငွေဖြင့် ရရှိသည့် လစာဝင်ငွေနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ အခန်း (၇) - ဝင်ငွေခွန်၏ ပုဒ်မ-၂၂ တွင် “ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ **ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှအပ** နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်” ဟု ဖော်ပြပါရှိပါသည်။ အထက်ပြဋ္ဌာန်းချက်ပါ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်ဆိုသည်မှာ လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့် လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်တို့လည်း ပါဝင်ပါသည်။

**လစာဝင်ငွေအထောက်အထားများအား ထိန်းသိမ်းထားရှိရန် လိုအပ်**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနသည် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာဝင်ငွေဆိုင်ရာ အထောက်အထားများကို အများပြည်သူသိရှိစေရန်အတွက် အသိပေးကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် ပြည်တွင်းသို့ နိုင်ငံရပ်ခြားရှိ ဘဏ်များမှတစ်ဆင့် လစာငွေများကို ပြန်လည်လွှဲပြောင်းပြီးသည့်အခါ လွှဲပြောင်းပေးပို့မှုဆိုင်ရာ အထောက်အထားများကို သိမ်းဆည်းထားရန် လိုအပ်မည်ဖြစ်၍ ပြည်တွင်း၌အခွန်ဆိုင်ရာ အကျိုးခံစားခွင့်ရရှိနိုင်ရန် တင်ပြလျှောက်ထားရာတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်အချို့နှင့် ကိုက်ညီရမည်ဖြစ်ပါသည်။ အဆိုပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှသာ အခွန်ဆိုင်ရာအကျိုးခံစားခွင့်များကို ရရှိခံစားနိုင်မည်ကို သတိချပ်စေလိုပါသည်။ အဆိုပါအချက်များမှာ-

(က) ပြည်ပရောက်မြန်မာနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့် ရရှိသည့်လစာခေါင်းစဉ်မှဝင်ငွေဖြစ်ခြင်း၊
  (၁) နိုင်ငံကူးလက်မှတ် (မိတ္တူ)၊
  (၂) လစာဝင်ငွေရရှိခြင်းအထောက်အထား (မူရင်း) သို့မဟုတ် အခွန်ထမ်းဆောင်ထားသည့် အထောက်အထား (မူရင်း)၊
  (၃) ပြည်ပတွင် အလုပ်လုပ်ကိုင်ခဲ့သည့် အချိန်ကာလဆိုင်ရာအထောက်အထား (မူရင်း)၊
  (၄) ပြည်ပရှိ သက်ဆိုင်ရာကုမ္ပဏီမှ တရားဝင်ထုတ်ပေးထားသည့် လစာထုတ်ပေးမှုမှတ်တမ်း (မူရင်း)။

(ခ) ပြည်တွင်းသို့ငွေလွှဲပြောင်းပေးပို့ရာတွင် ဘဏ် (သို့မဟုတ်) တရားဝင်ငွေလွှဲခွင့် လိုင်စင်ရရှိထားသည့် လုပ်ငန်းများမှ တစ်ဆင့်လွှဲပြောင်းပေးပို့မှုဖြစ်ခြင်း (သို့မဟုတ်) ကာယကံရှင်ကိုယ်တိုင်ပြည်ပမှ ပြန်လာစဉ် တစ်ပါတည်းယူဆောင်လာခဲ့ခြင်း၊
  (၁) မြန်မာနိုင်ငံသို့ငွေလွှဲပြောင်းပေးပို့ရာတွင် ဘဏ် (သို့မဟုတ်) တရားဝင် ငွေလွှဲခွင့်လိုင်စင်ရရှိထားသည့် လုပ်ငန်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့မှုဖြစ်ပါက ယင်းလုပ်ငန်းများမှ ထုတ်ပေးသည့်ငွေလွှဲပို့မှု မှတ်တမ်း၊
  (၂) ကာယကံရှင်ကိုယ်တိုင် ပြည်ပမှ ပြန်လည်ဝင်ရောက်လာစဉ် တစ်ပါတည်းယူဆောင်ခဲ့ခြင်းဖြစ်ပါက တရားဝင်ငွေလွှဲခွင့်လိုင်စင်ရရှိထားသည့် နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများတွင် နိုင်ငံခြားငွေနှင့် မြန်မာငွေလဲလှယ်ထားသည့် အထောက်အထားနှင့် လေဆိပ်တွင် အသိပေးကြေညာထားသည့် အထောက်အထားများ။

(ဂ) အထက်ဖော်ပြပါအပိုဒ်ခွဲ (က) နှင့် (ခ) ပါအချက်များအတွက် သက်ဆိုင်သည့် အထောက်အထားများကို ပြည့်စုံစွာ တင်ပြနိုင်ခြင်း။

ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့၏ အခွန်ဆိုင်ရာကင်းလွတ်ခွင့်ရရှိသော နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာဝင်ငွေအပေါ် အကျိုးခံစားခွင့်များကို အပြည့်အဝရရှိ ခံစားနိုင်စေရန်အတွက် မြန်မာနိုင်ငံသို့ ငွေလွှဲပြောင်းပေးပို့ရာတွင် ဘဏ် (သို့မဟုတ်) တရားဝင်ငွေလွှဲခွင့် လိုင်စင်ရရှိထားသည့်လုပ်ငန်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ကြစေလိုပါသည်။ ပြည်ပတွင် နိုင်ငံခြားငွေဖြင့် လစာဝင်ငွေရရှိသည့်ကာယကံရှင်များအနေဖြင့် ၎င်းတို့ကိုယ်တိုင်ပြည်ပမှ မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် တစ်ပါတည်းယူဆောင်လာခဲ့ခြင်းဖြစ်ပါက တရားဝင်နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများ၌ လဲလှယ်ကြရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အသိပေးကြေညာထားသည့်အထောက်အထားများနှင့် သက်ဆိုင်ရာအထောက်အထားများကို စနစ်တကျသိမ်းဆည်းထားကြရန်လည်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အကျိုးခံစားခွင့်ကို ရယူပါ**

ပြည်တွင်း၌ အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ မော်တော်ယာဉ်၊ အစုရှယ်ယာများစသည့် အခြေပစ္စည်းများကို ဝယ်ယူ / တည်ဆောက် / ထည့်ဝင်ခြင်းများဆောင်ရွက်ရာတွင် ကုန်ကျငွေများအတွက် အထက်ဖော်ပြပါ အထောက်အထားများကို မိမိတို့၏ ဝင်ငွေရလမ်းအဖြစ် သက်ဆိုင်ရာအခွန်ရုံးများ၌ ပူးတွဲတင်ပြလျှောက်ထားခြင်းအားဖြင့် နိုင်ငံတော်ကပေးအပ်ထားသော ဝင်ငွေခွန်ကင်းလွတ်သည့် အခွန်ဆိုင်ရာ အကျိုးခံစားခွင့်ကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

ပြည်ပတွင် မိမိတို့အနေဖြင့် ပင်ပင်ပန်းပန်း လုပ်ကိုင်ဆောင်ရွက်၍ ရရှိလာသည့်နိုင်ငံခြားငွေဖြင့် ရရှိလာသော လုပ်ခလစာငွေအပေါ် နိုင်ငံတော်က တရားဝင်ပေးအပ်ထားသည့် အခွန်ဆိုင်ရာအကျိုးခံစားခွင့်ကို သိရှိနားလည်ကာ အကျိုးရှိရှိအသုံးပြုနိုင်ကြစေရန် ရည်ရွယ်တင်ပြလိုက်ရပါသည်။ ။

ကိုးကား-
www.mopf.gov.mm
www.mol.gov.mm
www.ird.gov.mm

**ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် ပြည်ပတွင် မိမိတို့နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာဝင်ငွေကို ပြည်တွင်းသို့ တရားဝင်ဘဏ်လမ်းကြောင်းများ သို့မဟုတ် ငွေလွှဲလုပ်ငန်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ပြီးနောက် အဆိုပါငွေကြေးဖြင့် ပြည်တွင်း၌ အထက်ရှင်းလင်းချက်ပါ အခြေပစ္စည်းများဖြစ်သည့် မော်တော်ယာဉ်၊ အိမ်၊ တိုက်ခန်း၊ ခြံ၊ မြေ စသည်တို့ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့် အစုရှယ်ယာများကို ဝယ်ယူရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်သည့်အခါတွင် တည်ဆဲဝင်ငွေခွန်ဥပဒေအရ ဝင်ငွေရလမ်းစိစစ်မှုခံယူပြီး ဝင်ငွေရလမ်းတင်ပြနိုင်ပါက ဝင်ငွေခွန်ထပ်မံပေးဆောင်ရန် မလိုအပ်တော့သည့် အခွန်ဆိုင်ရာ အကျိုးခံစားခွင့် ရရှိနိုင်မည်ဟု ဆိုလိုခြင်းပင်ဖြစ်ပါသည်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၁၁-၂၀၂၂ သောကြာနေ့

**MRTV HD**

- **၀၆:၀၀** ပင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ အောက်တိုဘာလ)(တတိယပိုင်း)
- **၀၉:၁၀** မြန်မာ့ပုလဲရတနာတို့၏မွေးရပ်မြေပုလဲကျွန်းဆီ
- **၀၉:၄၀** Soccer View
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း 'ဝန်'
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဒါးဒါးအချစ်ချိုချို'** (အပိုင်း-၂၁)
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အချစ်ဆိုသည်မှာ'** (အပိုင်း-၂၅)
- **၁၄:၄၅** မျိုးဝင့်တင့်စေဆိုကရေးတီးအမွေ
- **၁၆:၃၅** လူငယ်ရေးရာအစီအစဉ်
- **၁၇:၁၅** Weekly Sports Info
- **၁၇:၃၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ အောက်တိုဘာလ)(စတုတ္ထပိုင်း)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သုတဝေဖြာ...သီရိဂေဟာ
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဒါးဒါးအချစ်ချိုချို'** (အပိုင်း-၂၂)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အုပ်စု-င)(ပွဲစဉ်-၁၀)

**mitv**

- **07:01** Evergreen Classic: Myitta (Kyawt Kay Khaing)
- **07:07** Up Against The Tide
- **07:25** Kalaw Tazaungdaing Festival
- **07:33** Myanmar Prehistory
- **08:01** News
- **08:29** Let's go to....Natural Paradise
- **09:01** Dances of Myanmar: Pre Kayaw Traditional Dance
- **09:05** An Aficionado of Alluring Antiques
- **09:36** Innovative Handiworks Based On The Art Of Line Drawing
- **09:54** A Monk's Robe
- **10:01** News
- **10:26** Topical Topics
- **10:35** Myanmar's Traditions and Culture "A stir about of Rainbows
- **11:01** Inn Yaung Village's Tazaungdine Night

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
အိပ်နောက်ဖေးတွင်ဈေးဆိုင်တည်ခြင်း

**ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ဆီးချိုး၊ သွေးချိုရောဂါအကြောင်းသိကောင်းစရာ

**ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်း(ချိုး)ရိုးရာဓလေ့စုပေါင်းကောက်ရိတ်ခြင်း

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ရိုးရာလက်ရက်ကန်း

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ကြက်သားသုပ်နှင့်သခော်ဥဟင်းရည်

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၇)

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
တောင်ပေါ်မြို့ကပြာရည်ထုပ်

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ခွေးရိုးရာ ခေါင်းပေါင်းပေါင်းနည်း

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
မန်ကျည်းပင်တစ်ပင်ရဲ့အကျိုးကျေးဇူး

**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကွမ်းသီးလုပ်ငန်း

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ချောင်းသာကမ်းခြေသို့ အလည်တစ်ခေါက်

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၀၉:၁၅** နေပြည်တော်-ရန်ကုန် အထူးရထားစီး ခရီးသွားကြမယ်
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **"အလည်လွန် အလွယ်လုပ် အလွဲဖြစ်"**
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
- **၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ် -(အပိုင်း-၃)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၄၅** ကုန်ကြမ်းမှသည် ကုန်ချောဆီသို့
- **၀၇:၀၀** ကျေးလက်ကွန်ရက်
- **၀၇:၁၅** ထန်းပင်တွေရဲ့အကြောင်း ထန်းတောင်သူတို့ရဲ့ဘဝ
- **၀၇:၅၅** မြေသြဇာနည်းပညာထိုးဖောက်တောင်သူ စိုက်ခင်းအရောက်
- **၀၈:၂၀** နှင်းဆီဝါ
- **၀၈:၅၅** လယ်ယာထွက်စွန့်ပစ်ပစ္စည်းများမှ အဏုဇီဝ မြေဆွေးပုံများပြုလုပ်ခြင်းသုတေသန
- **၀၉:၃၅** ရုလဒ်ကောင်းများရရှိရေးသီးနှံအတွဲများ စိုက်ကာပေး

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၇)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်တစ်ဦးကို ၎င်း၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၃**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကိုပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ရေတာရှည်တပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူနှင့် ၎င်း၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။ ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရေတာရှည်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်




စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၁၁ - ၂၀၂၂

**ရွှေ**

| | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၇၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၉၁၉၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၆၃၆ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၆၂၉ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၆၀ ကျပ် | ၂၆၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၃၅ ကျပ် | ၂၆၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၀၅ ကျပ် | ၂၀၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၉၅ ကျပ် | ၂၁၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၄၉ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၇၇ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၉၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၁၆ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၄၂ . ၆၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၆ . ၉၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၂၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၂၀၀ | ၉၁၀၀ | ၆၃၅ | ၅၇၇၉၅၀၀ |
| MTSH | ၃၄၀၀ | ၃၃၀၀ | ၇၄၉၅ | ၂၅၀၅၂၅၅၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၉၇ | ၇၄၆၉၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁၁ | ၂၁၄၅၀၀ |
| TMH | ၂၇၅၀ | ၀ | ၀ | ၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၈၀၀ | ၂၁၆၀၀၀၀ |
| AHP | ၅၀၀၀ | ၅၁၀၀ | ၃၅၀ | ၁၇၈၅၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကွမ်ရှီးပြည်နယ် Beibu ပင်လယ်ကွေ့ဆိပ်ကမ်း – မြန်မာနိုင်ငံ တိုက်ရိုက်ရေကြောင်းများ စတင်ပြေးဆွဲ




ပေကျင်း နိုဝင်ဘာ ၃

**အောက်တိုဘာ ၂၈ ရက်တွင် ကွမ်ရှီးပြည်နယ် Beibu ပင်လယ်ကွေ့ဆိပ်ကမ်း ချင်းကျိုးဆိပ်ကမ်းဇုန်သို့ "SITC Venus" သင်္ဘော အဆင်ပြေချောမွေ့စွာ ဆိုက်ရောက်လာခြင်းသည် Beibu ပင်လယ်ကွေ့ဆိပ်ကမ်း– မြန်မာနိုင်ငံ တိုက်ရိုက်ရေကြောင်း အောင်မြင်ခဲ့ခြင်းပင်ဖြစ်ကြောင်း တရုတ်သံရုံးက သတင်းထုတ်ပြန်ထားသည်။**

အဆိုပါရေလမ်းကြောင်း ဖွင့်လှစ်ပြီးနောက် Beibu ပင်လယ်ကွေ့ဆိပ်ကမ်း – RCEP ဒေသတွင်း အကြား အဆင်ပြေချောမွေ့သော ရေလမ်းကြောင်း အသစ်တိုးလာခြင်းဖြစ်ကာ အဆိုပါရေကြောင်းကို အပတ်စဉ် သင်္ဘောလေးစင်းဖြင့် ပြေးဆွဲပြီး ဆိုက်ကပ်သည့်ဆိပ်ကမ်းများမှာ ချင်းကျိုး–နန်ရှား–ရှယ်ခို–ခလန်–ရန်ကုန်–ဘီလာဝမ်–ခလန်–နန်ရှား–ရှယ်ခို–ဟိုင်ဖုန်–ချင်းကျိုးတို့ဖြစ်ကြသည်။

ရေလမ်းကြောင်းသစ် ဖွင့်လှစ်ခြင်းဖြင့် Beibu ပင်လယ်ကွေ့ဆိပ်ကမ်း – RCEP ဒေသတွင်းအကြား နိုင်ငံတကာရေကြောင်းကွန်ရက်ကို ထပ်ဆင့်သိပ်သည်းလာစေပြီး ကုန်စည်များအတွက် ပိုမိုများပြား၍ အဆင်ပြေလွယ်ကူစေသော ပို့ကုန်သွင်းကုန်လမ်းကြောင်းများကို ပံ့ပိုးပေးကာ စီးပွားရေးလုပ်ငန်းများ၏ ထောက်ပံ့ပို့ဆောင်ရေး၊ သိုလှောင်ရေး ကုန်ကျစရိတ်များကို များစွာလျှော့ချပေးနိုင်မည်ဖြစ်သည်။

ရေလမ်းကြောင်းသစ်ဖြင့် ပို့ကုန်ကုန်စည်များသည် ချင်းကျိုးဆိပ်ကမ်းမှ စတင်ထွက်ခွာပြီး ၁၂ ရက်အကြာတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ရောက်ရှိနိုင်ရာ ယခင်သမားရိုးကျ လမ်းခရီးတွင် တစ်ဆင့်ပြောင်းရသည့်လမ်းကြောင်းများထက် ၄၀ ရာခိုင်နှုန်းခန့် ကြာချိန်လျှော့ချနိုင်ကြောင်း သိရသည်။ **သီရိ**

## ဆိုးလ်မြို့၌ ကျင်းပမည့် စားသောက်ကုန်ကဏ္ဍ လေ့လာရေးခရီးစဉ်တွင် ပါဝင်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၃**

ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည့် Seoul Food Week 2022 နှင့် စားသောက်ကုန် ကဏ္ဍလေ့လာရေးခရီးစဉ်သို့ ပါဝင်တက်ရောက်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ် ဦးဆောင်၍ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များပါဝင်သော အဖွဲ့ဝင် ၁၂ ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ခရီးစဉ်အမှတ် (8M 081) ဖြင့် ကိုရီးယားနိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်သည်။

ခရီးစဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားနိုင်ငံ Jeonju မြို့သို့ သွားရောက်၍ ကိုရီးယားစားသောက်ကုန်သုတေသနဌာန KFRI တွင် စားသောက်ကုန်ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများ ဆွေးနွေးဖလှယ်ကြမည်ဖြစ်ပြီး စားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံများသို့လည်း လေ့လာရေး ခရီးသွားရောက်ကြမည်ဖြစ်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ COEX ၌ ကျင်းပမည့် Seoul Food Week 2022 တွင် မြန်မာနိုင်ငံ ကိုယ်စားပြုပြခန်း၌ ကိုရီးယားဈေးကွက် အလားအလာရှိ မြန်မာ့စားသောက်ကုန်များကို ဈေးကွက်သစ်များ တိုးချဲ့နိုင်ရန် ပါဝင်ပြသမည်ဖြစ်ပြီး ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေးပွဲများကိုလည်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း My-antrade မှ သိရသည်။

**သီရိ**

## ရှမ်းပြည်နယ်တောင်ပိုင်းမှ နှင်းဆီနှင့် ဂန္ဓမာပန်းများ မလေးရှားဈေးကွက်သို့ စမ်းသပ်တင်ပို့

**ရန်ကုန် နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပန်းစိုက်ပျိုးမှုအတွက် ရာသီဥတုကောင်းမွန်သဖြင့် ကလော၊ ဟဲဟိုး၊ ညောင်ရွှေ၊ အောင်ပန်းမြို့နယ်များ၌ တစ်နှစ်ပတ်လုံး စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအနေဖြင့် ဧက ၈၀၀ မှ ၁၀၀၀ ခန့်ရှိကာ နှင်းဆီ၊ ဂန္ဓမာ၊ သပြေ၊ လီလီပန်းတို့ကို အများဆုံးစိုက်ပျိုးသည်။

ယခုလအတွင်း ဈေးနှုန်းများအနေဖြင့် နှင်းဆီ ၁၀ ပွင့်ကို ကျပ်၂၀၀၀ မှ ၂၃၀၀ ၊ ဂန္ဓမာပန်းမှာ အရောင်အမျိုးအစားအပေါ် မူတည်၍ ၁၀ ပွင့်လျှင်ကျပ် ၂၀၀၀ မှ ၂၂၀၀ ဈေးများရှိကြောင်း ပွဲရုံများမှ သိရသည်။

ယခုကာလအတွင်း မလေးရှားနိုင်ငံဈေးကွက်သို့ လေကြောင်းမှ စမ်းသပ်တင်ပို့ရန်အတွက် အောင်ပန်းပွဲရုံတစ်ခုမှ ရန်ကုန်ရှိ ကုမ္ပဏီတစ်ခုနှင့် ချိတ်ဆက်ပေးပို့ခဲ့ပြီး စမ်းသပ်တင်ပို့မှုအနေဖြင့် ရေမွှေးနှင်းဆီအပွင့် ၆၀၀ ပါ တစ်ဖာ၊ ဂန္ဓမာပန်းကြွေဖြူနှင့် ရွှေဝါဝင်းအပွင့် ၅၀၀ စီပါနှစ်ဖာတို့ကို ရန်ကုန်မြို့မှတစ်ဆင့် မလေးရှားနိုင်ငံသို့ လေကြောင်းမှ တင်ပို့ပေးခဲ့ပြီး ရေရှည်အနေဖြင့် သယ်ယူပို့ဆောင်မှုနှင့် ဈေးကွက်တွင်း ရောက်ရှိချိန်တွင် ပန်းများကောင်းမွန်ခြင်း ရှိ မရှိပေါ် မူတည်ပြီး ဆက်လက်တင်ပို့မည်ဖြစ်သည့်အတွက် စိုက်ပျိုးသူတောင်သူများအတွက်လည်း ဈေးကွက်အခွင့်အလမ်းများ ပိုမိုရရှိမည်ဖြစ်ကြောင်း တောင်ကြီးမြို့ရှိ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနက သတင်းထုတ်ပြန်ထားသည်။

**ကိုရီး**





# ကချင်ပြည်နယ်မှတစ်ဆင့် ပို့ကုန်များ တိုးမြှင့်တင်ပို့

**ရန်ကုန် နိုဝင်ဘာ ၃**

ကချင်ပြည်နယ်၏ အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်အတွင်း မြန်မာ–တရုတ်နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေများအရ ကချင်ပြည်နယ် လွယ်ဂျယ်နှင့် ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ–တရုတ်နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူး ၄က်ပျော၊ ရော်ဘာ၊ ဆန်၊ နှမ်းနက်၊ ပိုးလုံးအိမ်၊ ကြိမ်နှင့် ဆန်ကွဲများ တင်ပို့ခဲ့ကြောင်း မနောမြေကုန်သွယ်မှုဗဟိုဌာနမှ သိရသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၁၃၁၉၆၆ ဒသမ ၂၂ ကန်ဒေါ်လာဖြစ်ပြီး ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၃၇၅၀၀၀ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၁၆၉၄၆၆ ဒသမ ၂၂ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့သည်။

သွင်းကုန်ပစ္စည်းများမှာ ဓာတ်မြေဩဇာများ၊ လယ်ထွန်စက်များ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သံနှင့် သံမဏိပစ္စည်းများ၊ သတ္တုကုန်ချောဆောက်လုပ်ရေးပစ္စည်းများ၊ မြက်ခင်းတု၊ ဟိုလိုသံပိုက်နှင့် အခြားပစ္စည်းများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၈၇၄၇၈ တင်သွင်းမှုရှိခဲ့ပြီး လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၁၆၄၁၆၀ ဒသမ ၈ ဖြစ်၍ တင်သွင်းကုန်၏စုစုပေါင်း ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၂၅၁၆၃၈ ဒသမ ၈ တင်သွင်းမှုရှိခဲ့ကြောင်း သိရသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀ ဒသမ ၃၄၆ ယွမ်ဖြစ်ပြီး တစ်ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၉ ဒသမ ၀၁ ကျပ်ဖြစ်သည်။

**ကိုရီး**

# တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

ရန်ကုန် နိုဝင်ဘာ ၃

**ယခုသီတင်းပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်၌ အာလူး၊ ကြက်သွန်ဖြူ၊ မတ်ပဲနှင့် ပဲစင်းငုံနီ ဈေးနှုန်းများ ကျဆင်းလာခဲ့ပြီး ပေါ်ဆန်းသစ်များ ဈေးကွက်စတင်ဝင်ရောက်လာခဲ့သည်။ မြစ်ဝရေတ်ပွမှာမူ အနည်းငယ် ဈေးမြင့်တက်လာသည်။**

**စားအုန်းဆီ**

ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေး စားအုန်းဆီတစ်ပိဿာ ၄၂၂၅ ကျပ်နှုန်းရှိလာရာ ယခင်အပတ်ထက် ရည်ညွှန်းဈေး တစ်ပိဿာ ၅၀ ကျပ် မြင့်တက်လာသည်။ နိုဝင်ဘာ ၂ ရက် ရန်ကုန်ဆီဈေးကွက်၏ လက်ငင်းအလှယ် လက်ကားပီပါဈေးမှာ တစ်ပိဿာကျပ် ၆၃၅၀ နှုန်း ရှိနေသည်။

**ဆန်**

ပေါ်ဆန်းရင် အသစ်များ ရန်ကုန်ဈေးကွက်သို့ လက်ကား တစ်အိတ်ကျပ် ၅၀၀၀၀ ဝန်းကျင်ဖြင့် စတင်ဝင်ရောက်လာသည်။ ဖျာပုံကောက်ညှင်းဆန်အသစ်မှာ ယခင်အပတ်ကကျပ် ၇၈၀၀၀ နှုန်းရှိရာမှ ယခုရက်တွင် ကျပ် ၈၄၀၀၀ နှုန်းသို့ ဈေးမြင့်တက်လာသည်။ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင်ကျပ် ၈၅၀၀၀– ၉၁၀၀၀၊ ပုသိမ်မြောင်းမြပေါ်ဆန်းကျပ် ၆၀၀၀၀–၆၅၀၀၀ ၊ ဖျာပုံပေါ်ဆန်းကျပ် ၅၇၀၀၀–၆၀၀၀၀၊ ပေါ်ကွဲဆန်ကျပ် ၄၈၀၀၀၊ ရက်၉၀ ဆန်ကြမ်းရှယ်တစ်အိတ်ကျပ် ၄၆၀၀၀၊ သီးထပ်ဆန်ကြမ်းတစ်အိတ်ကျပ် ၄၃၀၀၀၊ မိုးဆန်ကြမ်းအသစ် တစ်အိတ်ကျပ် ၄၁၀၀၀၊ ဆန်ကွဲတစ်အိတ်ကျပ် ၃၈၀၀၀ နှုန်းရှိနေသည်။

**ကြက်သွန်နီ**

ရန်ကုန်ကြက်သွန်နီဈေးကွက်သို့ ကြက်သွန်နီပိဿာ ၁၅၀၀၀၀ ခန့် နိုဝင်ဘာ ၂ ရက်၌ ဝင်ရောက်လာခဲ့ပြီး ဈေးနှုန်းများမှာ ဆိပ်ဖြူလက်ကားတစ်ပိဿာကျပ် ၃၁၀၀ မှ ၄၁၀၀ ၊ မြင်းခြံကံဆင့်တစ်ပိဿာကျပ် ၃၆၀၀ မှ ၄၄၀၀ ဈေးနှုန်းရှိကြောင်း သိရသည်။

**ကြက်သွန်ဖြူ /အာလူး**

ကြူကုတ် ကြက်သွန်ဖြူ လက်ကားတစ်ပိဿာ ကျပ် ၃၇၅၀– ၃၈၀၀ ကျပ်ရှိရာမှ နိုဝင်ဘာ ၂ ရက်တွင် ကျပ် ၃၅၅၀ နှုန်းသာရှိသည်။ ရှမ်းအောင်ပန်း ကြက်သွန်ဖြူလက်ကားတစ်ပိဿာကျပ် ၂၉၀၀ မှ ၄၀၀၀ နှုန်းရှိသည်။ တရုတ်အာလူးလက်ကားတစ်ပိဿာကျပ် ၁၉၅၀–၂၀၅၀ ရှိပြီး ရှမ်းအောင်ပန်းအာလူးမှာတစ်ပိဿာကျပ် ၁၄၀၀ မှ ၁၇၀၀ နှုန်းရှိသည်။

**ပဲအမျိုးမျိုး**

နိုဝင်ဘာ ၂ ရက်တွင် မတ်ပဲ (FAQ/RC) တစ်တန်ကျပ် ၁၇၄၈၀၀၀၊ (SQ)တစ်တန်ကျပ် ၂၀၇၃၀၀၀ ၊ ပဲစင်းငုံနီ (Red/RC) တစ်တန်ကျပ် ၁၉၅၀၀၀၀၊ ကုလားပဲခြမ်းတစ်ပိဿာကျပ် ၄၁၅၀–၄၃၀၀ နှုန်း ရှိနေသည်။

**ငရုတ်**

နိုဝင်ဘာ ၂ ရက်တွင် တရုတ်စက ငရုတ်ပွအသစ်များ လက်ကား တစ်ပိဿာကျပ် ၂၄၅၀၀ နှုန်းဖြင့် ရန်ကုန်ငရုတ်ဈေးကွက်သို့ စတင်ဝင်ရောက်လာသည်။ ရှမ်းငရုတ်ရှည်အသစ် လက်ကားတစ်ပိဿာကျပ် ၁၈၀၀၀– ၁၈၅၀၀ ၊ ရှမ်းမိုးထောင်အသစ်ကျပ် ၁၆၀၀၀၊ ရှမ်းဖူးဆို့ငရုတ်ပွအသစ်၂၀၅၀၀ ကျပ်နှုန်းရှိသည်။

**အောင်ခင်နိုင်**

# လာမည့်အာဆီယံထိပ်သီးအစည်းအဝေးတွင် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂၀၀၀ ကျော် ကမ္ဘောဒီးယားဖြန့်ကြက်ချထားမည်



ကမ္ဘောဒီးယားလုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ဖနောင်ပင် နိုဝင်ဘာ ၃

**လာမည့်အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအတွင်း လုံခြုံရေးနှင့် ပြည်သူလူထု၏ အိုးအိမ်စည်းစိမ်ကို ထိန်းသိမ်းရန် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂၀၀၀ ကျော် ဖြန့်ကြက်ချသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဒုတိယရဲချုပ်နှင့် ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး ချက်ဟေးကင်ခိုအန်း က နိုဝင်ဘာ ၃ ရက်တွင် ပြောကြားလိုက်သည်။**

အကြိမ် (၄၀) နှင့် (၄၁) ကြိမ်မြောက် အာဆီယံအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ မြို့တော်ဖနောင်ပင်တွင် ကျင်းပမည်ဖြစ်သည်။

မိမိတို့အတွက် လုံခြုံရေးသည် ထိပ်တန်းဦးစားပေးကိစ္စဖြစ်ကြောင်း၊ နိုင်ငံခြားခေါင်းဆောင်များ၏ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂၀၀၀ ကျော် ဖြန့်ကြက်ချထားရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

လာမည့်အာဆီယံအစည်းအဝေးသည် ယခုနှစ်၏ အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သော ကမ္ဘောဒီးယားနိုင်ငံအတွက်သာမက အာဆီယံတစ်ခုလုံးနှင့် ဆွေးနွေးဖက်နိုင်ငံများအတွက် မဟာဗျူဟာမြောက် အရေးကြီးသည့် အစည်းအဝေးဖြစ်ကြောင်း ၎င်းကပြောသည်။

ကိုဗစ်ကပ်ရောဂါအလွန် စီးပွားရေးပြန်လည်ရှင်သန်ရေးကြိုးစားမှုများ၊ လုံခြုံရေးကိစ္စရပ်များ၊ ကမ္ဘာလုံးဆိုင်ရာ လောင်စာဆီဈေးနှုန်းများနှင့် စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်စေခဲ့သည့် အကြောင်းတရားများ၊ ရာသီဥတုပြောင်းလဲမှုများနှင့် တခြားအကြောင်းအရာများကို အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

---

## ရွှေ့ပြောင်းနေထိုင်သူများလိုက်ပါလာသည့် လှေတစ်စင်း တိမ်းမှောက်မှုမှ သေဆုံးသူ ၂၀ ၏ ရုပ်အလောင်းများတွေ့ရှိ

**အေသင် နိုဝင်ဘာ ၃**

ဂရိနိုင်ငံ ရေပိုင်နက် အေဂျီယံပင်လယ်ရှိ အယ်ဗီရာကျွန်းအနီးတွင် ပြီးခဲ့သည့်ရက်က လှေတစ်စင်း တိမ်းမှောက်ပြီးနောက် ရေနစ်သေဆုံးခဲ့သည့် ရွှေ့ပြောင်းနေထိုင်သူ ၂၀ ၏ ရုပ်အလောင်းများကို နိုဝင်ဘာ ၂ ရက်တွင် ဂရိကယ်ဆယ်ရေးသမားများက ပြန်လည်တွေ့ရှိခဲ့ကြောင်း ဂရိအမျိုးသား သတင်းအေဂျင်စီ အေအမ်အင်န်အေက ထုတ်ပြန်ထားသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ကယ်ဆယ်ရေးလုပ်ဆောင်ရာတွင် အဟန့်အတားဖြစ်နေသော်လည်း လူ ၁၂ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ကော့ခါဖရက်စ်ဒေသ၌ လှေနစ်မြုပ်မှုဖြစ်ပွားချိန်တွင် အဆိုပါလှေပေါ်၌ လူ ၆၈ ဦး လိုက်ပါခဲ့ကြောင်း အသက်ရှင်ကျန်သူများက အာဏာပိုင်များကို ပြောကြားသည်။

ရွှေ့ပြောင်းနေထိုင်သူများမှာ အီဂျစ်၊ အာဖဂန်နစ္စတန်နှင့် အီရန်နိုင်ငံတို့မှဖြစ်ကြောင်း ဟယ်လင်နစ်ကမ်းခြေစောင့်တပ်မှ အုပ်ချုပ်သူအရာရှိ နီကိုးစ် ကွတ်ခ်ခါလက်စ်က ပြောသည်။ ၂၀၁၅ ခုနှစ်မှစကာ ဂရိနိုင်ငံသို့ တရားမဝင် ဝင်ရောက်လာသူ တစ်သန်းကျော်ရှိပြီး ၎င်းတို့ထဲမှ အများစု မှာ အခြားဥရောပနိုင်ငံများသို့ ခရီးဆက်သွားခဲ့ကြရာ ရာနှင့်ချီသည့် လူများသည် ပင်လယ်ပြင်၌ ရေနစ်သေဆုံးခဲ့ကြောင်း ဂရိအာဏာပိုင်များက ပြောကြားသည်။ **ဆင်ဟွာ**

---

## ဖိလစ်ပိုင်နိုင်ငံသို့ဝင်ရောက်ခဲ့သော အပူပိုင်းမုန်တိုင်း နာဂေးလ်ကြောင့် လူပေါင်း ၁၅၀ ခန့်သေဆုံး

**မနီလာ နိုဝင်ဘာ ၃**

လွန်ခဲ့သောသီတင်းပတ်ကျော်က ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်ခဲ့သော အပူပိုင်းမုန်တိုင်း နာဂေးလ်ကြောင့် လူပေါင်း ၁၅၀ ခန့် သေဆုံးခဲ့သလို လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများကိုလည်း ဖြစ်စေခဲ့ကြောင်း အစိုးရက နိုဝင်ဘာ ၃ ရက်က ပြောကြားလိုက်သည်။

အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီက သေဆုံးသူ ၉၄ ဦးရှိကြောင်း အတည်ပြုခဲ့ပြီး တခြား ၅၆ ဦး၏ အထောက်အထားများကို စစ်ဆေးလျက်ရှိသည်။ ထို့အတူ ပျောက်ဆုံးသူ ၃၆ ဦးအနက် ၂၈ ဦးကို အတည်ပြုခဲ့ပြီး တခြား ရှစ်ဦး၏ အထောက်အထားများကို အတည်ပြုနေဆဲဖြစ်သည်။

အပူပိုင်းမုန်တိုင်းကြောင့် လူပေါင်း ၃ ဒသမ ၉ သန်းကျော် ထိခိုက်ခဲ့ပြီး လမ်းပေါင်း ၄၉၉ လမ်းနှင့် တံတားပေါင်း ၁၂၀ ခန့် ပျက်စီးခဲ့ကာ ဒေသအတော်များများတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပွားခဲ့ကြောင်း အေဂျင်စီက ပြောသည်။

နာဂေးလ်သည် ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်ခဲ့သည့် ၁၆ ခုမြောက် အပူပိုင်းမုန်တိုင်းဖြစ်သည်။ **ဆင်ဟွာ**

---

## တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံ

**ပေကျင်း နိုဝင်ဘာ ၃**

တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ပါကစ္စတန်ဝန်ကြီးချုပ် မိုဟာမက် ရှက်ဘာ ရှာရစ်ဖ်နှင့်အတူ လိုက်ပါလာသည့် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး ဘီလဝါဘူတို ဇာဒါရီနှင့် နိုဝင်ဘာ ၂ ရက်က တွေ့ဆုံကြသည်။

ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး ရှာရစ်ဖ်သည် တရုတ်ကွန်မြူနစ်ပါတီ(CPC) ၏ အကြိမ် (၂၀)မြောက် အမျိုးသားကွန်ဂရက်ကို အောင်မြင်စွာ ကျင်းပခဲ့ပြီးနောက် တရုတ်နိုင်ငံသို့ ပထမဆုံး လာရောက်လည်ပတ်သည့် ပြည်ပနိုင်ငံမှ အစိုးရအကြီးအကဲတစ်ဦးဖြစ်ကြောင်း ဝမ်ယိက ပြောကြားသည်။

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကြီးထွားလာသည့် အင်အားတစ်ရပ်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်မှုအတွက် ခိုင်မာသည့် အချက်ဖြစ်ကြောင်း၊ တိုးတက်မှုဖြစ်စဉ်များတွင် တရုတ် – ပါကစ္စတန်နိုင်ငံ၏ ဆက်ဆံရေးသည် တွန်းအားသစ်များ ရရှိမည်ဖြစ်ပြီး အဆင့်တစ်ခုသို့ တိုးတက်လာမည်ဖြစ်ကြောင်း ဝမ်ယိက မှတ်ချက်ပြုပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၌ သဘာဝဘေးဒဏ်ခံရပြီးနောက် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် တရုတ်နိုင်ငံက ဆက်လက်အကူအညီ ပေးသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် တရုတ် – ပါကစ္စတန် စီးပွားရေးစင်္ကြံ၏ အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ပါကစ္စတန်နိုင်ငံနှင့်အတူ လုပ်ဆောင်ရန် အသင့်ရှိကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ**



ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဘီလဝါ ဘူတိုဇာဒါရီနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ။

---

## အိန္ဒိယတွင် လေထုအရည်အသွေးကျဆင်းလာကြောင်း အာဏာပိုင်များပြောကြား

**နယူးဒေလီ နိုဝင်ဘာ ၃**

အိန္ဒိယနိုင်ငံ မြို့တော် ဒေလီ ပတ်ဝန်းကျင်တွင် လေထုညစ်ညမ်းမှု အရည်အသွေး ပိုမိုဆိုးရွားလာကြောင်း အာဏာပိုင်များက နိုဝင်ဘာ ၃ ရက်က ပြောကြားလိုက်သည်။

ဗဟို လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးအဖွဲ့၏ အဆိုအရ လေထုအရည်အသွေး အညွှန်းကိန်းသည် ဆိုးရွားပြင်းထန်သော အဆင့်သတ်မှတ်ချက် ၄၄၂ တွင်ရှိကြောင်း ဖော်ပြထားသည်။

လေထု အရည်အသွေးသည် ဆိုးရွားပြီး သိသာထင်ရှားသည့် လေထုညစ်ညမ်းမှုများမှာ ပီအမ် ၂ ဒသမ ၅ နှင့် ပီအမ် ၁၀ တို့ဖြစ်သည်ဟု ဗဟိုလေထုညစ်ညမ်းမှု ထိန်းချုပ်ရေးအဖွဲ့က ဖော်ပြခဲ့သည်။

ဒေလီတစ်ဝန်း တည်ထောင်ထားသော လေထုအရည်အသွေး ထိန်းချုပ်စောင့်ကြည့်ရေးစင်တာများမှတစ်ဆင့် သတင်းအချက်အလက်များကို ရရှိခဲ့ခြင်းဖြစ်သည်။

ကျွမ်းကျင်သူများက ပီအမ် ၂ ဒသမ ၅ သည် သေးငယ်သော အမှုန်အမွှားများဖြစ်ပြီး ၎င်းတို့သည် အချင်းအားဖြင့် ၂ ဒသမ ၅ မိုက္ကရွန် သို့မဟုတ် ထို့ထက်သေးငယ်သော အမှုန်များဖြစ်ကာ အသက်ရှူ လမ်းကြောင်းထဲသို့ နက်ရှိုင်းစွာ ဝင်ရောက်နိုင်ပြီး အဆုတ်သို့ ရောက်ရှိကာ သွေးကြောအတွင်းသို့ ဝင်ရောက်နိုင်ကြောင်း ပြောသည်။



ထို့ကြောင့် ကျန်းမာရေးအရာရှိများက ပြည်သူများ အထူးသဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများကို လေထုအရည်အသွေး မကောင်းသရွေ့ အပြင်ထွက်ခြင်းများကို နည်းနိုင်သမျှနည်းအောင် သတိထားရန် တိုက်တွန်းပြောကြားထားသည်။ လေထုအရည်သွေးကျဆင်းခြင်းသည် အဆုတ်ရောဂါရှိသူများအပေါ် ပြင်းထန်စွာ ဆိုးကျိုးသက်ရောက်နိုင်သကဲ့သို့ ကျန်းမာသူများအပေါ်လည်း သက်ရောက်နိုင်သည်။ **ဆင်ဟွာ**

# ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးတွင် မသိုးသင်္ကန်းကပ်လှူပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ဇလွန် နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးတွင် မသိုးသင်္ကန်းတော်မြတ် ရက်ချုပ်ကပ်လှူပူဇော်ပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက် (နိုဝင်ဘာ ၆ ရက်မှ ၈ ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညတွင် မသိုးသင်္ကန်းရက်ချုပ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပမည်ဖြစ်ပြီး မသိုးသင်္ကန်းတော်မြတ် ရက်ချုပ် ကပ်လှူပူဇော်ရာတွင် ကိန္နရီစင်တော်၊ သဗ္ဗူလစင်တော်၊ မယ်မဒ္ဒီစင်တော်၊ အမယာစင်တော်တို့မှ ရက်ချုပ်လှူဒါန်းထားသော မသိုးသင်္ကန်းတော်မြတ်အား တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၄ နာရီတွင် မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ဆပ်ကပ်ပူဇော်၍ ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ဆွမ်းတော်ကြီး ကပ်လှူပူဇော်မည်ဖြစ်ပြီး တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်အထိ လျှပ်စစ်ရောင်စုံမီးများ၊ ဆီမီးများဖြင့် ဆီမီးပူဇော်ပွဲကို စည်ကားစွာကျင်းပမည်ဖြစ်သည်။

ငွေသန်း (ဇလွန်)

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 7H/7081, Toyota Belta Scp92 Saloon(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာ ၁၂/ဥကမ(နိုင်) ၁၅၄၈၀၆က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 3R/8448, Chevrolet Malibu ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိသူဇာဝင်းမောင် ၁၂/ဥကတ(နိုင်)၁၂၈၁၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ (နေပြည်တော်ရုံး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၁၅-၁၀-၂၀၂၂ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ခေါ်ယူထားသည့် အငယ်တန်းအင်ဂျင်နီယာ (၃) (မြို့ပြ)၊ အငယ်တန်းစာရေး၊ ဒုတိယလက်ထောက်ကွန်ပျူတာစီစဉ်ရေးမှူး၊ စာရင်းကိုင် (၄)နှင့် အငယ်တန်းအင်ဂျင်နီယာ (၄)(မြို့ပြ)ရာထူးနေရာများအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်-

(က) **ရေးဖြေစာမေးပွဲဖြေဆိုရမည့်ရက်** - ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၉ရက် (စနေနေ့)

(ခ) **ဖြေဆိုရမည့်ဘာသာရပ်များ** - နံနက် ၉နာရီမှ ၁၂နာရီထိ၊ (၃)နာရီ မြန်မာစာ+အင်္ဂလိပ်စာ
မွန်းလွဲ ၁၃:၀၀နာရီမှ ၁၅:၀၀နာရီထိ၊ (၂)နာရီ အထွေထွေဗဟုသုတ/ ကျွမ်းကျင်မှု ဆိုင်ရာဘာသာရပ်

၂။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၄-၁၁-၂၀၂၂ရက်မှစ၍ သက်ဆိုင်ရာရုံးချုပ်/ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စာမေးပွဲဖြေဆိုရမည့် စာစစ်ဌာနတည်ရှိရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးများတွင် ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပြီး ရုံးချုပ်/တိုင်းဒေသ ကြီး/ပြည်နယ်အလိုက် စာမေးပွဲကျင်းပပြုလုပ်မည့် စာစစ်ဌာနများနှင့် တည်နေရာအား သက်ဆိုင်ရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနရုံးများသို့ ဆက်သွယ်စုံစမ်းရန်ဖြစ်ပါသည်။

၃။ စာမေးပွဲဝင်ရောက်ဖြေဆိုမည့်သူများသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၉ရက် နံနက် ၈:၃၀နာရီအရောက် ဖြေဆိုရမည့် စာစစ်ဌာနများ သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ ဖြေဆိုခွင့်ကတ်ပြားနှင့်အတူ လာရောက်သတင်းပို့ရန်၊ စာမေးပွဲခန်းမအတွင်းသို့ အချိန်နောက်ကျ ရောက်ရှိလာသူများအား စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

# “Coex Food Week 2022” ကုန်စည်ပြပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

တောင်ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ Coex Convention & Exhibition Center ၌ နိုဝင်ဘာ ၂ ရက်မှ ၅ ရက်အထိ “Coex Food Week 2022” ကုန်စည်ပြပွဲကို ကျင်းပလျက်ရှိရာ ပြပွဲ၏ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက်တွင် ကျင်းပသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နေဒ်မူတာကပေါ တက်ရောက်ခဲ့ပြီး တောင်ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက ကုန်စည်ပြပွဲသို့ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ကုန်စည်ပြပွဲတွင် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များမှ ပြခန်းပေါင်း ၁၄၀၀ ဖြင့် ဝင်ရောက်ပြသလျက်ရှိပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံမှ စားသောက်ကုန်ထုတ်လုပ်သည့်ကုမ္ပဏီ ၁၀ ခုသည် သစ်သီးခြောက်၊ ငရုတ်သီးအမျိုးမျိုး၊ ကော်ဖီ၊ နှမ်းလှော်မှုန့်၊ ပျားရည်၊ ဆန်ပြုတ်၊ လက်ဖက်ခြောက်အမျိုးမျိုး၊ ယိုအမျိုးမျိုးနှင့် ဖျော်ရည်အမျိုးမျိုးတို့ကို ပါဝင်ပြသလျက်ရှိသည်။

ကုန်စည်ပြပွဲသို့ ကိုရီးယားသမ္မတနိုင်ငံနှင့် နိုင်ငံတကာမှ လေ့လာကြည့်ရှုဝယ်ယူသူများအနေဖြင့် ခင်းကျင်းပြသလျက်ရှိသည့် မြန်မာစားသောက်ကုန်များကို စိတ်ဝင်တစားလာရောက်ကြည့်ရှုကြပြီး ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များနှင့် အပြန်အလှန် အကျိုးရှိစေမည့် Business Matching များကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်






# ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေဘာသာပြန်စာအုပ် အမှတ် (၁၁) စာအုပ် ထုတ်ဝေ

နေပြည်တော် နိုဝင်ဘာ ၃

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာသို့ ပြန်ဆိုပြီးသည့် ဥပဒေများကို စာအုပ်ထုတ်ဝေခဲ့ရာ ဘာသာပြန်စာအုပ်အမှတ် (၁၁) သို့ ရောက်ရှိပြီးဖြစ်ပါသည်။ ဘာသာပြန်စာအုပ်အမှတ် (၁၁) သည် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေ (The Guardians and Wards Act) မြန်မာဘာသာပြန်ဆိုချက်စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်တွင် မူလစာမူဖြစ်သည့် The Guardians and Wards Act နှင့် ဥပဒေဘာသာပြန်ကော်မရှင်၏ မြန်မာဘာသာပြန်ဆိုချက်ဖြစ်သည့် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေတို့ကို အင်္ဂလိပ်/ မြန်မာ နှစ်ဘာသာဖြင့် လေ့လာဖတ်ရှုနိုင်စေရန် ဖော်ပြထားပြီး ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၁၂ (က) အရ ဥပဒေဘာသာပြန်ကော်မရှင်၏ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့်အလားတူ အာဏာတည်သည့်အတွက် တရားဝင်ကိုးကားနိုင်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ကလောမြို့၊ (၇)ရပ်ကွက်၊ စိတ္တသုခလမ်းနေ ဦးဝေဟင်အာကာဇော်(ဘ)ဦးဇော်ဝင်း ၁၄/ပသန(နိုင်)၂၁၇၉၉၈ ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာလိုက်သည်-

Hydrate Purified Drinking Water

အထက်ဖော်ပြပါ (Hydrate Purified Drinking Water) အမည်ရှိ **“သောက်ရေသန့်”** ကုန်အမှတ်တံဆိပ်ကို ကလောမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် ၅၅/၂၀၂၂ အရ တစ်ဦးတည်းမူပိုင်အဖြစ် ကျွန်ုပ်တို့၏ မိတ်ဆွေက မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် **“သောက်ရေသန့်”** ကိုထုတ်လုပ်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပူးတွဲဖော်ပြပါ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးတည်း မူပိုင်ဖြစ်သော (Hydrate Purified Drinking Water) အမည်ရှိ **“သောက်ရေသန့်”** ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံသဏ္ဌာန်တူအောင် တုပဆောင်ရွက်ခြင်း မပြုလုပ်ရန် သတိပေးကြေညာလိုက်သည်။ အကယ်၍ ဆင်တူယိုးမှား တုပသုံးစွဲပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေး ကြေညာလိုက်သည်။

**ဦးဝေဟင်အာကာဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သက်သက်ခိုင် LL.B,DBL,DIL PGDE(MUFL), IP Law, (Switzerland) စဉ်-၉၀၉၂ တရားလွှတ်တော်ရှေ့နေ ဖုန်း-၀၉-၄၃၁၃၁၀၄၅**

**ဒေါ်ဟေမာန်နှင်း(ခ)ဒေါ်ဟေမာနှင်း LL.B စဉ်-၁၈၀၈၇ တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ပြည့်ပြည့်ဖြိုး LL.B
စဉ်-၅၃၁၂၅
အထက်တန်းရှေ့နေ
အမှတ်(၆/၂၃၀)၊ ဗိုလ်တောက်ထိန်လမ်း၊ မြို့ဦးရပ်ကွက်၊ တောင်သာအုပ်စု၊ ပျဉ်းမနားမြို့၊ နေပြည်တော်**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာအုပ်စု၊ စည်ကားကျေးရွာ၊ ကွင်းအမှတ်(၆၅၆-က)၊ ကွင်းအမည် (အောင်ချမ်း သာကွင်း)၊ ဦးပိုင်အမှတ်(N-၉၂)၊ မြေဧရိယာ(၁၁.၀၀)ဧကအနက်မှ (၈၀)ပေပတ် လည်(၁၄)ကွက်၊ အကွက်နံပါတ်(၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄)၊ အကျယ် အဝန်းအရှေ့(ခန့်မှန်း ၁၅၀)ပေ၊ အနောက်(ခန်းမှန်း ၁၅၀)ပေ၊ တောင်(ခန့်မှန်း ၆၂၀)ပေ၊ မြောက်(ခန်းမှန်း ၆၂၀)ပေပေါ်ရှိ သီးပင်စားပင်များအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး(အုတ်တံတိုင်းခတ်အပြီးအစီး)တို့ကို ဒေါ်မွှေးမွှေးစိုး ၁၄/မမန(နိုင်)၁၅၉၂၇၈ထံမှ ဒေါ်နန်းမိုခမ်း ၁၃/မမတ(နိုင်) ၀၃၅၂၀၄တို့က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဝယ်ယူပြီးဖြစ်ပါ သည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်နန်းမိုခမ်း
၁၃/မမတ(နိုင်) ၀၃၅၂၀၄

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေမျိုးဇော်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ
"နိုင်"ဥပဒေအကျိုးဆောင်
အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)
ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၄၅၄၂၄

# တောင်ငူ၌ ခရိုင်အဆင့် မိုးစပါးရိတ်သိမ်း၊ တစ်ကေလျှင် စပါးအစို ၁၃၅ တင်းထွက်ရှိ

တောင်ငူ နိုဝင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မဟင်ကျေးရွာ၌ ယနေ့နံနက်ပိုင်းက လယ်မြေကွင်းအမှတ် (၅၃၀-ခ) တောင်သူ ဦးမျိုးထွဋ်ဝင်း၏ ဖျော့ထွန်းစပါးမျိုး မျိုးစေ့ထုတ်စိုက်ခင်း၌ ခရိုင်အဆင့် မိုးစပါး ရိတ်သိမ်းပွဲကျင်းပရာ တစ်ကေလျှင် စပါးအစို ၁၃၅ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲ၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလှိုင်နှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက စပါးရိတ်ခြွေစက်ဖြင့် မိုးစပါးစံကွက် ရိတ်သိမ်းနေမှုများနှင့် မိုးစပါး ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးမြတ်မင်းထွေးက ခရိုင်အတွင်း ၂၀၂၂ ခုနှစ် မိုးစပါးစိုက်ပျိုးထားရှိမှုများနှင့် လက်ရှိရိတ်သိမ်းနေမှု အခြေအနေရှင်းလင်းတင်ပြပြီး တောင်သူ ဦးမျိုးထွဋ်ဝင်း၏ စိုက်ကေ ၅ကေရှိ ဖျော့ထွန်းအမျိုးအစား မိုးစပါးမျိုး သုညဒသမ ၁၀ ကေကို စပါးရိတ်ခြွေစက်ဖြင့် ရိတ်သိမ်းရာ တစ်ကေလျှင် စပါးအစို ၁၃၅ တင်း ထွက်ရှိသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်စိုက်ပျိုးရေး ဦးစီးမှူးတို့က မဟင်ကျေးရွာရှိ တောင်သူ နှစ်ဦးအား သုံးသီးစိုက်ပျိုးရေးအတွက် ရေဆင်း- ၁၄ မတ်ပဲမျိုးစေ့အိတ်များ နှင့် ဓာတ်မြေဩဇာအိတ် တစ်အိတ်ကို ထောက်ပံ့ပေး အပ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၁၀-၂၀၂၂ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၆)မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ရွှေဘိုမြို့၏ အများသိစေရန် ကြေညာခြင်းကြော်ငြာတွင် ဦးပိုင်အမှတ်(၂၇ဃ)အား (၇၂ ဃ)ဟုပြင်ဆင်ဖတ်ရှုပါရန်။

## မိဘအမည်မှန်

ပုသိမ်၊ အထက(၂) Grade-11(D)မှ မသက်ထက်စံ၏ မိဘအမည်မှန်မှာ ဦးစိုးကိုကိုအောင် ၁၄/ကလန(နိုင်) ၁၂၈၀၀၅၃နှင့် ဒေါ်ပန်းအိဖြူ ၁၄/ကကန(နိုင်)၀၉၅၅၁၄ ဖြစ်ပါကြောင်း။



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂) ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ်(၂၁၅/မြေညီထပ်)ခေါင်းရင်း၊ (မြေအပါအဝင်) တိုက်ခန်းကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စိန်အေးမြင့်(၉/မနတ(နိုင်) ၀၇၂၄၄၀)မှ မြေနှင့်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရာ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ခင်မြတ်ချို(LL.B,DBL,DML,DIPL,DIL,DIR,DSW)**
**တရားလွှတ်တော်ရှေ့နေ(စဉ်/၁၀၀၅၆)**

တိုက်အမှတ်(၉/၁၁)၊ အခန်း(၁၀၃/စီ) (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉ ၇၉၃၂၆၇၉၄၀


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၆၁ ဆူ | ၂၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၃ တိုင် | ၇ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၆ ခု | ၅၃၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၁ ကျင်း | ၂၀၅၈. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၁ ကျင်း | ၅၈၈၉. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၅ ကျင်း | ၁၆၀၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၁၀ စုံ | ၂၉၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## မကွေးတက္ကသိုလ်
## စီးပွားရေးဥပဒေ ဒီပလိုမာ Diploma in Business Law (DBL)
## အမှတ်စဉ် (၁/၂၀၂၂) သင်တန်းလျှောက်လွှာခေါ်ယူခြင်း

မကွေးတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနကြီးမှူး၏ မကွေးတက္ကသိုလ်၊ ဥပဒေပညာဌာနတွင် စီးပွားရေးဥပဒေ ဒီပလိုမာ Diploma in Business Law (DBL) အမှတ်စဉ် (၁/၂၀၂၂) ဖွင့်လှစ်မည်ဖြစ်၍ အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

၁။ တက္ကသိုလ်/ဒီကရီကောလိပ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

၂။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းတက်ရောက် ခွင့်ပြုချက် အထောက်အထား တင်ပြရမည်။

၃။ သင်တန်းသားဦးရေကန့်သတ်ထားသဖြင့် ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေပြုလုပ်မည်။

| | | | |
|---|---|---|---|
| ၄။ | **သင်တန်းကာလ** | - | (၉) လ<br>ပထမနှစ်ဝက်<br>(၂၀၂၂ ဒီဇင်ဘာလမှ ၂၀၂၃ ဧပြီလ)<br>ဒုတိယနှစ်ဝက်<br>(၂၀၂၃ ဇွန်လမှ ၂၀၂၃ အောက်တိုဘာလ) |
| ၅။ | **သင်တန်းချိန်** | - | တနင်္လာနေ့မှ သောကြာနေ့ (နံနက် ၇နာရီမှ ၉ နာရီ) |
| ၆။ | **လျှောက်လွှာစတင်ရောင်းချမည့်ရက်** | - | ၁၁-၁၁-၂၀၂၂ ရက် |
| | **လျှောက်လွှာစတင်ရောင်းချမည့်နေရာ** | - | ဥပဒေပညာဌာန၊ မကွေးတက္ကသိုလ် |
| ၇။ | **လျှောက်လွှာပိတ်ရက်** | - | ၂၅-၁၁-၂၀၂၂ ရက် |
| ၈။ | **ဝင်ခွင့်ဖြေဆိုမည့်ရက်** | - | ၂၉-၁၁-၂၀၂၂ ရက် |
| | **ဝင်ခွင့်ဖြေဆိုမည့်အချိန်** | - | နံနက် (၉နာရီမှ ၁၀နာရီ) |
| | **ဝင်ခွင့်ဖြေဆိုမည့်နေရာ** | - | ဥပဒေပညာဌာန၊ မကွေးတက္ကသိုလ် |
| ၉။ | **ဝင်ခွင့်ရရှိသူများစာရင်း ကြေညာမည့်ရက်** | - | ၆-၁၂-၂၀၂၂ ရက် |
| ၁၀။ | **သင်တန်းစတင်ဖွင့်မည့်ရက်** | - | ၁၂-၁၂-၂၀၂၂ ရက် |

၁၁။ အသေးစိတ်သိရှိလိုပါက ဥပဒေပညာဌာန၊ မကွေးတက္ကသိုလ်(ဖုန်း-၀၉-၄၀၂၆၆၂၀၀၈) တွင် စုံစမ်းနိုင်ပါသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ငါးလုပ်ငန်းသိပ္ပံ(တွံတေး)
## ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာ ပထမနှစ်သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၌ ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်ရှိ ငါးလုပ်ငန်းသိပ္ပံတွင် တက်ရောက်လိုသူများသည် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန/ ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)တို့တွင် လျှောက်ထားနိုင်သည်။

၂။ ဒီပလိုမာသင်တန်းသို့ တက်ရောက်ခွင့်ရရှိသူသည်(၃)နှစ်သင်တန်း တက်ရောက်ရမည်ဖြစ်ပါသည်။ ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေး ဒီပလိုမာသင်တန်းအောင်မြင်ပါက ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာအောင်လက်မှတ် (Diploma in Fisheries and Aquaculture) ပေးအပ်မည်ဖြစ်ပါသည်။ ဒီပလိုမာသင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီသူများကို ရန်ကုန်တက္ကသိုလ်တွင် B.Sc( Fisheries and Aquaculture) သင်တန်းတက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်ရက်(၂၁-၁၁-၂၀၂၂)ရက်နေ့တွင် အသက်(၂၂)နှစ်ထက် မကြီးသူ ဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများ ပူးတွဲတင်ပြရမည် -

(က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီးထောက်ခံချက် (မူရင်း)

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်း(မိတ္တူ) (ကျောင်းအပ်နှံသည့်အချိန်တွင် မူရင်းတင်ပြရမည်)

(ဂ) မွေးသက္ကရာဇ်မှန်ကန်ကြောင်းထောက်ခံချက် (သက်ဆိုင်ရာကျောင်းအုပ်ကြီးထောက်ခံချက်)

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းနှင့် ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)

(င) လျှောက်ထားသူနှင့်မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)များနှင့် အိမ်ထောင်စုဇယား (မိတ္တူ)

(စ) လိုင်စင်ဓာတ်ပုံ (အောက်ခံအပြာရောင်ဖြင့်) (၅)ပုံ (၁.၁ x ၁.၃) လက်မ

၅။ လျှောက်လွှာများကို တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်/ ငါးလုပ်ငန်းဦးစီးဌာန/ ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)သို့ (၂၁-၁၁-၂၀၂၂) ရက်နေ့ထက် နောက်မကျစေဘဲ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ တက်ရောက်ခွင့်ရရှိသူအမည်စာရင်းနှင့် ကျောင်းဖွင့်လှစ်မည့်ရက်အား တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနများနှင့် ငါးလုပ်ငန်း သိပ္ပံ(တွံတေး)မှ ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၀၈၄၇၂၊ ၀၆၇-၄၀၈၄၇၃၊ ၀၉-၇၉၁၃၄၄၇၇၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝင်ခွင့်လျှောက်လွှာ(ပုံစံ)**

**စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)**
**ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာဝင်ခွင့်လျှောက်လွှာ**

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | အမည် | | လူမျိုး/ဘာသာ | အလုပ်အကိုင် | နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် |
|---|---|---|---|---|---|
| လျှောက်ထားသူ | မြန်မာ | | | | |
| | အင်္ဂလိပ် | | | | |
| ဖခင် | | | | | |
| မိခင် | | | | | |
| မိဘများကွယ်လွန်ပြီးဖြစ်ပါက အုပ်ထိန်းသူ | | | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် ---------------- ခုနှစ်၊------------------------------------ လ၊ ----------------- ရက်။

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်ခုံအမှတ် -----------------------၊ စာစစ်ဌာန------------------------------------၊
တိုင်းဒေသကြီး/ပြည်နယ် ----------------------------------------------------------------------------------------------------။

၄။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ---------------------------------------------------------------------ဖုန်း--------------------------။

**(လျှောက်ထားသူလက်မှတ်)**

ရက်စွဲ ---------------------------

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇော်နိုင်ထွန်း ၈/မတန(နိုင်)၀၄၇၆၁၄၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၈၈၆၆၆၂၆**

### ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးတင်ကိုဝင်း ၈/ရနခ(နိုင်)၁၃၉၅၁၇၏ နိုင်ငံကူး လက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၄၀၁၅၄၉၆၀၉**

### ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးသိန်းနိုင် ၈/မလန(နိုင်)၀၉၆၇၉၃၏ နိုင်ငံကူး လက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၂၉၂၃၀၂၀**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၀၈၅၄ Honda Dream ND 125M ယာဉ်လက်ဝယ်ရှိသူ ဦးတိုးရီ ၆/ထဝန(နိုင်) ၁၆၈၄၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့် ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/85349 Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးရန်ရှင်းအောင် ၁၄/လမန(နိုင်)၀၆၆၄၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့် ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ဗန်းမော်)၊ ဗန်းမော်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/9954 GAC GS7 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်းလင်း ၁၄/ဘကလ(နိုင်)၀၀၀၉၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် တိကျမှန်ကန်သော ဆင်းကတ်မှတ်ပုံတင်လုပ်ငန်း ဖြစ်စေရန်နှင့် အော်ပရေတာများအားလုံး၏ ဆင်းကတ်မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များကို စုပေါင်းသိမ်းဆည်းထားနိုင်ရန် SIM Registration Management System တည်ဆောက်ခြင်းလုပ်ငန်းကို Universal Service Fund (USF)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၃၁-၁၀-၂၀၂၂ ရက်၊ (တနင်္လာနေ့) |
| ၃။ | **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** | - | ၁၄-၁၁-၂၀၂၂ ရက်၊ (တနင်္လာနေ့) |
| ၄။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းရေးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော် |
| ၅။ | **တင်ဒါတင်သွင်းရမည့်နေရာ** | - | တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးအမှတ်(၂)၊ နေပြည်တော် |
| ၆။ | **တင်ဒါဖွင့်ဖောက်မည့် ရက်နှင့်အချိန်** | - | ၁၂-၁၂-၂၀၂၂ ရက်၊ (တနင်္လာနေ့) မွန်းလွဲ ၁:၀၀ နာရီ |

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၆၇-၃၄၀၇၂၉၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၂)၊နေပြည်တော်**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်သူရ (ဘ) ဦးလှဝင်း ၉/လဝန(နိုင်)၁၇၁၇၀၈ ၏ နိုင်ငံကူးလက်မှတ်မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။

**ဖုန်း-၀၉-၂၆၃၅၃၈၀၄၆**

### ဖခင်အမည်မှန်

ကဝမြို့နယ်၊ အ.ထ.က(တကောကနတ်) ဒသမတန်း စနစ်သစ်အတွဲ(၂) တွင် ပညာသင်ကြားနေသော နော်ဂေးဒေဖော၏ ဖခင်အမည်မှန်မှာ ဦးစောမဲ့ဆိတ် ၇/ကဝန(နိုင်)၀၃၅၁၈၃ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ တာခြားရပ်ကွက်နေ (ဘ) ဦးကျော်မင်း၏ သမီး မသက်နှင်းကျော် ၇/ဖမန(နိုင်)၁၇၈၀၈၅၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၅-၁၉၉၇ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အမက(၆)၊ ဆဋ္ဌမတန်းမှ မအိမ်သာ(ခ) မေကျော့ခိုင်၏ ဖခင်အမည်မှန်မှာ ဦးခင်းပရာ(ပ်)ဆပ် ၁/မကန(နိုင်) ၂၅၃၄၂၃ဖြစ်ပါသည်။

### မွေးသက္ကရာဇ်အမှန်

ဦးထွန်းထွန်း၏သား မြစ်ကြီးနားမြို့၊ အထက(၄)၊ အဋ္ဌမတန်း (စနစ်ဟောင်း) မှ မောင်ဖွဲ့ညီညီ ၁/မကန(နိုင်)၂၈၄၁၆၄၏ မွေးသက္ကရာဇ် အမှန်မှာ ၂၀-၈-၂၀၀၇ ဖြစ်ပါသည်။

### မွေးသက္ကရာဇ်အမှန်

စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်နေ (ဘ) ဦးကျော်နု၏ သား ဦးဝင်းနိုင်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုစာရင်းအရ ၁၂-၁၀-၁၉၇၄ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၈၈၀၉၃ Honda PCX 150 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းလွင် ၆/သရခ(နိုင်)၀၀၀၂၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄၃/၂)၊ ဦးပိုင်အမှတ်(၂၉)၊ မြေဧရိယာ ၀.၁၁၀ ဧကရှိမြေကွက်သည် မူလက ဦးအောင်သိန်းအမည်ဖြင့်ခရိုင်အမှုတွဲအမှတ်၂၂၅၁(၃)၁၉၉၃-၁၉၉၄ အရ ၃၀-၆-၂၀၀၉ ရက်အထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးအောင်သိန်းသည် ၁၉-၃-၂၀၀၄ ရက်တွင်လည်းကောင်း၊ ဇနီးဒေါ်ကြည်ကြည် သည် ၃-၁၂-၂၀၀၉ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ပါသည်။ ၎င်းတို့တွင် သား သမီး(၄)ဦးထွန်းကားခဲ့ပြီး ၎င်းတို့အနက် ဦးအောင်မင်းသည် ၁၃-၄-၂၀၀၀ ရက်တွင်လည်းကောင်း၊ ဦးအောင်သင်းသည် ၁၅-၄-၁၉၉၈ ရက်တွင်လည်းကောင်း လူပျိုဘဝဖြင့်အသီးသီး ကွယ်လွန်သွားခဲ့ပါသဖြင့် ကျန်ရှိသူ ဒေါ်ကြူကြူအောင်၊ ဒေါ်မူမူအောင်တို့(၂)ဦးက ၂၀-၇-၂၀၂၂ ရက်စွဲပါ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၃၂၁/၂၀၂၂)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ ခြံမြေကွက်နှင့် ပတ်သက်၍ ဒေါ်ကြူကြူအောင်က ၁၀-၈-၂၀၂၂ ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင် အမှတ်(၂၉၂/၂၀၂၂) အရ ဒေါ်မူမူအောင်ထံသို့ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသည်။ လက်ရှိတွင် ဒေါ်မူမူအောင်က မူလခြံမြေကွက် ၀.၁၁၀ ဧကအနက်မှ မြေဧရိယာ ၀.၀၅၅ ဧကအား ၁၉-၉-၂၀၂၂ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၅၀/၂၀၂၂) အရ ဦးအဆ်ရဖ်(ခ)ဦးမင်းအောင်ထံသို့ ရောင်းချပေးခဲ့ပါသဖြင့် ကျန်ရှိသည့်(၀.၀၅၅) ဧကရှိမြေကွက်အား ဒေါ်မူမူအောင် ၁/မကန(နိုင်)၀၂၀၉၄၅ အမည်ဖြင့်မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်နေ့အထိ ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအားလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄၃/၂)၊ ဦးပိုင်အမှတ်(၂၉)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိမြေကွက်သည် မူလက ဦးအောင်သိန်းအမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၂၂၅၁(၃) ၁၉၉၃-၁၉၉၄ အရ ၃၀-၆-၂၀၀၉ ရက်အထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးအောင်သိန်းသည် ၁၉-၃-၂၀၀၄ ရက်တွင်လည်းကောင်း၊ ဇနီးဒေါ်ကြည်ကြည်သည် ၃-၁၂-၂၀၀၉ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ပါသည်။ ၎င်းတို့တွင် သားသမီး(၄)ဦးထွန်းကားခဲ့ပြီး ၎င်းတို့အနက် ဦးအောင်မင်းသည် ၁၃-၄-၂၀၀၀ ရက်တွင် လည်းကောင်း၊ ဦးအောင်သင်းသည် ၁၅-၄-၁၉၉၈ ရက်တွင်လည်းကောင်း လူပျိုဘဝဖြင့် အသီးသီး ကွယ်လွန်သွားခဲ့ပါသဖြင့် ကျန်ရှိသူ ဒေါ်ကြူကြူအောင်၊ ဒေါ်မူမူအောင်တို့(၂)ဦးက(၂၀-၇-၂၀၂၂)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၂၁/၂၀၂၂)အရ အမွေဆက်ခံ ပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ ခြံမြေကွက်နှင့် ပတ်သက်၍ ဒေါ်ကြူကြူအောင် က ၁၀-၈-၂၀၂၂ ရက်တွင် စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၂၉၂/၂၀၂၂) အရ ဒေါ်မူမူအောင် ထံသို့ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသည်။ လက်ရှိတွင် ဒေါ်မူမူအောင်က မူလခြံမြေကွက် (၀.၁၁၀)ဧကအနက်မှ မြေဧရိယာ(၀.၀၅၅)ဧကအား (၁၉-၉-၂၀၂၂)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၅၀/၂၀၂၂)အရ ဦးအဆ်ရဖ်(ခ)ဦးမင်းအောင်ထံသို့ ရောင်းချပေးခဲ့ပါသဖြင့် အဆိုပါမြေကွက်အား ဦးအဆ်ရဖ်(ခ)ဦးမင်းအောင် ၁/မကန(ဧည့်) ၀၀၁၆၇၇ အမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည် ပြောင်း) လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၀)ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ အမှတ် (၁၁၄၁)နေ ဒေါ်ဇာခြည်ဝင့် ၁၂/အစန(နိုင်)၁၈၆၆၀၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြားသိစေအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ သမီးဖြစ်သူ ဒေါ်ဆုစန္ဒီအောင် (ဘ) ဦးရဲမြင့်စိုး ၁၂/ဒဂမ(နိုင်)၀၃၂၆၆၉ သည် မိခင်ဖြစ်သူနှင့်ဆွေမျိုးများ၏စကားကို နားထောင်ခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် လုပ်ဆောင်ပြီး ၎င်း၏ဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဇင်ချစ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၃၆/၂၀၁၇)**
**(ဒ-၂၄၁၄)၊ ဒက္ခိဏသီရိရပ်ကွက်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၉-၄၃၁၁၂၂၄၀**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/9574 MAHAR NWE BUS, BUS(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးနိုင် ၈/မဘန(နိုင်)၀၁၉၉၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## မရမ်းကုန်းခရိုင် တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၇၁

ရာစုနှစ်ငွေရေးကြေးရေးကုမ္ပဏီလီမိတက် **နှင့်** ၁။ ဒေါ်ဥမ္မာအောင်
၂။ ဒေါ်သဲစုငယ်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ဘိုးမင်းခေါင်လမ်း၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တော်ဝင်လမ်း၊ အမှတ်(၁၃)ရပ်နေ (၁)တရားပြိုင် ဒေါ်ဥမ္မာအောင်နှင့် (၂) တရားပြိုင် ဒေါ်သဲစုငယ် (ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုကုမ္ပဏီက တရားလိုကုမ္ပဏီမှ ချေးယူငွေ တိုးရင်းပေါင်းငွေကျပ် ၁၁၆၄၀၀၀၆/ နှင့် နစ်နာကြေးငွေကျပ် ၃၃၅၉၉၉၄ ကျပ် စုစုပေါင်းငွေကျပ်သိန်း(၁၅၀) ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်)မွန်းမတည့်မီ ၁၀နာရီ အချိန်တွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်သန့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ပိုးသတ်ဆေး ဖြန့်ချိသူလွှဲပြောင်းခြင်းအတွက် ကန့်ကွက်နိုင်ကြောင်း အသိပေးအကြောင်းကြားခြင်း

FMC Corporation USA သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်တွင် အတည်ပြုထုတ်ပေးထားသည့် အောက်ဖော်ပြပါ ပိုးသတ်ဆေးအတွက် ယာယီသုံးစွဲခွင့်မှတ်ပုံတင်ရရှိပြီးဖြစ်ပါသည်–

| စဉ် | ကုန်အမှတ်အမည် | ပါဝင်သော ဓာတုပစ္စည်း | မှတ်ပုံတင်အမှတ် |
|---|---|---|---|
| 1 | Coragen™ Insect Control | Chlorantraniliprole 18.4 % w/w SC | P2018–4114 |

ယခုအချိန်တွင် FMC Corporation သည် အထက်ဖော်ပြပါ ပိုးသတ်ဆေး၏ဖြန့်ချိသူကို Y Agro Solution Co., Ltd. မှ ASIAN Crops Global Co., Ltd. သို့ လွှဲပြောင်းသွားပါမည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤအသိပေးအကြောင်းကြားစာပါရှိသည့်ရက်မှ ၁၄ ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့ထံသို့ ရုံးချိန်အတွင်း သွားရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း မည်သည့်ကန့်ကွက်မှုမှ မရှိပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ သတ်မှတ်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ASIAN Crops Global Co., Ltd.**

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက(သဖြူချောင်)ကျောင်း၊ Grade–10 မှ မိအိဖြိုးသွယ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး ၁၀/ပမန(နိုင်)၁၀၈၅၂၈ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်မိုး**

## မွေးသက္ကရာဇ်အမှန်

ပြင်ဦးလွင်မြို့၊ ကြယ်စင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–8မှ (ဘ) ဦးဗညားဦး ၉/ ပဥလ (နိုင်)၀၄၈၉၈၉ ၏ သမီး မသက်ထက်စံ၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၉-၂၀၀၈ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ အထက(၁) (Grade–10) (A)မှ စောမြတ်ကိုကို၏ ဖခင် ဦးအောင်ချစ်ဦးနှင့် စောအောင်ချစ်ဦး ၇/ညလပ(နိုင်)၀၀၁၂၆၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်ချစ်ဦး(ခ)စောအောင်ချစ်ဦး**

## အမည်မှန်

ဦးကျော်ဝင်း၏သား အုတ်တွင်းမြို့နယ်၊ ပဲခူးလမ်းရပ်ကွက်၊ အလက (ခွဲ) ဈေးကျောင်း၊ Grade–7 မှ မောင်စောဝေယံသန့်၏ အမည်မှန်မှာ မောင်စွမ်းဝေယံသန့် ဖြစ်ပါကြောင်း။

**မောင်စွမ်းဝေယံသန့်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/62066 Honda Wave 100, M/C အား စစ်တွေမြို့ ပြည်တော်သာရပ်ကွက် ဦးထွန်းထွန်းအေးမှ (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ၃၀ ရက်အတွင်း ကညန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/20990 New Anbo Smash 110 M/C အား ကျောက်တော်မြို့ ရောင်စုံမြောက်ရပ်ကွက် ဦးစိုးသန်းအောင်မှ (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (စစ်တွေ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9L/4215 Daihatsu HiJet ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးညွန့် ၁၃/ပယန (နိုင်) ၀၀၀၀၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ် မ-၁/ပဒေသာ၊ ဦးပိုင်အမှတ်(၁)၊ မြေရေိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးဇော်မိုး (ခ) ဦးစတီဗင်ဇော်မိုးရွှေ ၁၂/ဗဟန(နိုင်)၁၀၉၁၁၃မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

## ဒေါ်ဥမ္မာအောင်နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၄)လမ်း၊ အမှတ် ၄၈/၁၀၆ဖဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် (၁၆၀)၊ မြေအကျယ်အဝန်း(ပေ၄၀xပေ၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင်ကို ပိုင်ဆိုင်သော အပိုင်ရောင်းချသူ ဒေါ်ကေသီသုတထံမှ ဝယ်ယူသူ ဒေါ်ဥမ္မာအောင် ၁၂/အစန(နိုင်)၀၂၉၇၅၄တို့သည် ၂၀၂၂ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ် စရန်ပေးကတိစာချုပ် ချုပ်ဆို၍ ပထမအရစ်စရန်ငွေပေးချေပြီး ၁၆-၁၀-၂၀၂၂ရက်တွင် ဒုတိယအရစ် ပေးချေရန် နှစ်ဦးသဘောတူထားသော်လည်း ဝယ်ယူသူဒေါ်ဥမ္မာအောင်၏ ၃၁-၁၀-၂၀၂၂ ရက်အထိ ရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့၍ ရွှေ့ဆိုင်းပေးခဲ့ပါသော်လည်း ၂-၁၁-၂၀၂၂ ရက်ထိ ဝယ်ယူသူဘက်မှ လာရောက်ပေးချေခြင်းမရှိ၍ ၁၆-၉-၂၀၂၂ ရက်တွင် ချုပ်ဆိုခဲ့သော စာချုပ်ပါစည်းကမ်းအရ စရန်ငွေအဆုံးဖြစ်ပြီး ၁၆-၉-၂၀၂၂ ရက်တွင် ချုပ်ဆိုခဲ့သော အိမ်ခြံမြေစာချုပ်သည်လည်း ပျက်ပြယ်သွားပြီဖြစ်ကြောင်း ဒေါ်ဥမ္မာအောင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကေသီသုတ**
**၁၂/ကမရ(နိုင်)၀၂၈၂၀၂**
**ဖုန်း–၀၉-၂၅၃၀၉၁၅၉၀**

## အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးရွာ၊ မင်းလမ်းနေ ဦးအောင်ဇော်ထွေး ၁၂/လကန(နိုင်)၁၅၇၀၆၆၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရောင်းသူ ဦးအောင်ဇော်ထွေးနှင့် ဝယ်သူ ဒေါ်ခင်နှင်းကြည် ၁၂/ပဘတ(နိုင်) ၀၁၇၇၄၆တို့အကြား ၉-၁-၂၀၂၀ရက်က ချုပ်ဆိုခဲ့သော "နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်စာချုပ်"ပါ ဝယ်သူ၏ဆန္ဒအရ ဒေါ်ညွန့်ညွန့်လှိုင် ၁၂/အစန(နိုင်) ၁၇၀၇၉၀ အမှတ်(၈၀)၊ လှိုင်မြစ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်သို့ ဦးအောင်ဇော်ထွေးက လွှဲအပ်ပေးခဲ့သော "အထွေထွေကိုယ်စားလှယ်လွှဲစာ(GP)" ကိုယနေ့မှစ၍ရုပ်သိမ်းပြီးဖြစ်ကြောင်းအများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

| | | |
|---|---|---|
| **ဦးခင်မောင်ညွန့်** | **ဒေါ်ယဉ်ပိုထွန်း(LL.B)** | **ဒေါ်အိအိခိုင်(LL.B)** |
| **B.Sc (Chem); H.G.P; R.L.** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေအတိုင်ပင်ခံ** | **(စဉ်–၅၃၅၁၄/၃၁–၈–၂၀၂၀)** | **(စဉ်–၅၄၇၅၈/၂၆–၁–၂၀၂၂)** |
| **(စဉ်–၆၅၇၂/၂၀–၇–၁၉၉၈)** | | |

**ရုံးခန်း–၆၆၊ ဝဏ္ဏကျော်စွာလမ်းမ၊ (၁၄/၅)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉-၅၀၈၁၉၁၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၁၉၄)၊ မြေကွက်တည်နေရာ–အမှတ်(၁၉၄)၊ အင်းဝ(၂၀)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်လှ(အေအေ-၀၁၉၈၀၁) အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား ဒေါ်ခင်လှ (မိခင်)နှင့် ဦးစိန်မြင့်(ဖခင်)တို့ ကွယ်လွန်သဖြင့် (မိခင်)ဒေါ်ခင်လှ၏ ပထမအိမ်ထောင်မှ မွေးဖွားခဲ့သည့် ဒေါ်တင်တင်ဝင်း ၁၂/ဥကတ(နိုင်)၀၅၈၈၂၆နှင့် ဒုတိယအိမ်ထောင်မှ မွေးဖွားခဲ့သည့် ဒေါ်ယဉ်ယဉ်ထွေး ၁၂/ဥကတ(နိုင်)၀၃၂၁၉၅၊ ဒေါ်မြင့်မြင့်မော် ၁၂/ဥကတ(နိုင်)၀၅၅၄၀၄၊ ဦးနိုင်ထူးကျော် ၁၂/ဥကတ(နိုင်) ၁၃၁၀၇၁တို့မှ သား/သမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ-၈၅/၂၀၂၂(၁၃-၉-၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့ တင်ပြ၍ ၄င်းတို့ထံမှ GPအမှတ် -၉၀၅၁/၂၀၂၂(၂-၆-၂၀၂၂) ဖြင့် ဦးနိုင်ထူးကျော် (ကိုယ်တိုင်)မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ (၆/၂၂၂၂/၂၀၂၂/၂၀-၆-၂၀၂၂) ဖြင့် GP ဦးနိုင်ထူးကျော် ၁၂/ဥကတ(နိုင်) ၁၃၁၀၇၁မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## တံတားဦးခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၂
### ကွယ်လွန်သူ ဒေါ်အုံး၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ဥတည်ကျေးရွာ၊ မြောက်ဈေးကြီး၊ တံတားဦးမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်အုံး၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နွယ်နွယ်မြင့်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက် (၁၃၈၄ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်အုံး၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ခုနှစ် နိုဝင်ဘာ ၁၆ ရက် (၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်နွယ်နွယ်မြင့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အိအိထွန်း)**
**ခရိုင်တရားသူကြီး**
**တံတားဦးခရိုင်တရားရုံး**

## အများသိစေရန် ကြေညာချက်

၁။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအား အသုံးပြုသွားလာနေသည့် ခရီးသည်တင် Express ယာဉ်များ၊ အခြားကုန်စည်တင်ယာဉ်များ၊ အိမ်စီးယာဉ်ငယ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရေးအတွက် လိုက်နာဆောင်ရွက်သွားရမည့် အချက်များအားအသိပေးခြင်း–

(၁) သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ခြင်း မပြုရ။ အိမ်စီးယာဉ်ငယ်များ (100)km၊ ခရီးသည်တင် Express ယာဉ်များ(90)km၊ ကုန်စည်တင်ယာဉ်များ(60)km သာ မောင်းနှင်ရမည်။

(၂) ယာဉ်မောင်းနေစဉ် ခါးပတ် ပတ်ထားရမည်။

(၃) လက်ယာဘက်ယာဉ်ကြောမှသာ မောင်းနှင်ရမည်။

(၄) သတ်မှတ်ထားသော ယာဉ်ရပ်နားစခန်းများတွင်သာ ရပ်နားကြရန်။

(၅) မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများ ဖြတ်သန်းသွားလာခြင်းမပြုကြရန်နှင့် သတ်မှတ်ခွင့်ပြုထားသော မော်တော်ယာဉ်များသာ ဖြတ်သန်းသွားလာကြရန်။

၂။ အထက်ပါအချက်များအား လိုက်နာခြင်းမရှိဘဲ ဖြတ်သန်းသွားလာနေသည်ကို တွေ့ရှိရပါက အမြန်လမ်းမကြီးများဥပဒေ၊ မော်တော်ယာဉ်ဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

**အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့**
**လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများအတွက် B.Tech ပထမနှစ်(ပထမနှစ်ဝက်) ဝင်ခွင့်ရသူများစာရင်းကို နိုဝင်ဘာ ၃ရက်တွင် ကြေညာမည်
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ကြေညာချက်

၁။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများအတွက် အစိုးရနည်းပညာကောလိပ်များတွင် B.Tech ပထမနှစ် (ပထမနှစ်ဝက်) ဝင်ခွင့်ရသူများ စာရင်းကို ၃-၁၁-၂၀၂၂ရက်တွင် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန website http://www.most.gov.mm နှင့် နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန website http://www.dtvet.gov.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ B.Tech ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းများကို ၂၁-၁၁-၂၀၂၂ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် ၁၀-၁၁-၂၀၂၂ရက်မှ ၉-၁၂-၂၀၂၂ရက်အထိ (စနေနေ့နှင့် တနင်္ဂနွေနေ့များ အပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## မြေဂရန်ပျောက်ဆုံးကြောင်းနှင့် ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်း (ခ)ရပ်ကွက်၊ အိမ်အမှတ်(၄/၂၉)၊ မီးသတ်လမ်းသွယ်နေ ကျွန်တော် ဦးစိုင်းဆမ် ၁၃/ကတန(နိုင်)၀၇၅၃၃၀ ပိုင်ဆိုင်သော တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ) ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(ဃ)၊ ဆန်းရှိုင်းအိမ်ရာ၊ ဦးပိုင်အမှတ်(၁၄၂)၊ မြေရေိယာဧက ၀ ဒသမ ၀၆၅၊ ဂရန်အမှတ်တွဲအမှတ်(၇၂/၉၉) မြေဂရန်မှာ ပျောက်ဆုံးသွားပြီး ဂရန်အသစ်ပြန်လည် လျှောက်ထားမည်ဖြစ်ပါ၍ တွေ့ရှိသူနှင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ဆက်သွယ်ပေးအပ်နိုင်ပါရန်နှင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုင်းဆမ် ၁၃/ကတန(နိုင်)၀၇၅၃၃၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/82863 Honda Scoopyi ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိမြတ်မြတ်စံ ၉/အမဇ(နိုင်) ၀၃၉၇၅၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ–၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားမရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၂၈

| | | |
|---|---|---|
| ဒေါ်သီတာဝင်း | နှင့် | ဦးစိုးသန်း |
| **တရားလို** | | **တရားပြိုင်** |

ဦးမောင်အို၏သားဖြစ်သူ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက် (သ- ၈/၅၄)၊ (ခ)ရပ်ကွက်နေ ဦးစိုးသန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဒေါ်သီတာဝင်းက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့ နယ်၊ (ခ) ရပ်ကွက်၊ အကွက်အမှတ် အကွက်(သ-၈)၊ ဦးပိုင်အမှတ်(၅၄)၊ ဧရိယာ ၀ ဒသမ ၀၅၁ ဧကရှိ မြေကွက်အား ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အရက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက်(၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဇင်ထွန်း)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ သဘာဝပိုဇိုလန်ထုတ်လုပ်ရေးစက်ရုံ(ပုပ္ပါး)ရှိ ပိုဇိုလန်ကုန်ချော ၅၀၀ တန်နှင့် ပိုဇိုလန်ကုန်ကြမ်း ၁၀၀၀ တန်တို့အား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်–

| | |
|---|---|
| **လေလံပုံစံရောင်းချမည့်ရက်** | – ၄-၁၁-၂၀၂၂ ရက်မှ ၁၅-၁၁-၂၀၂၂ ရက်အထိ |
| **လေလံပုံစံရောင်းချမည့်နေရာ** | – ရုံးအမှတ်(၂၇)၊ (၃)ထပ်ဆောင်၊ ရုံးသစ် |
| **လေလံအဆိုပြုလွှာတင်သွင်းရမည့်ရက်/အချိန်** | – ၁၆-၁၁-၂၀၂၂ ရက်၊ ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ |
| **လေလံဖွင့်လှစ်မည့်ရက်/အချိန်** | – ၁၆-၁၁-၂၀၂၂ ရက်၊ (၁၄:၀၀)နာရီ |

၃။ ၄-၁၁-၂၀၂၂ ရက်မှစတင်၍ လေလံပုံစံတစ်စောင်လျှင် ကျပ် ၅၀၀၀/– (ကျပ်ငါးထောင်တိတိ) ဖြင့် သတ်မှတ်ချိန်အတွင်း ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၂၇)ရုံးသစ်၊ ဖုန်း– ၀၆၇- ၈၁၀၄၁၉၂ သို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေကွက်အမှတ် ပ-၃၃၅၃၄ ကို အမည်ပေါက် ဦးအောင်မြင့်စိန်(ဘ) ဦးသာလှ ၁၂/ကမရ(နိုင်)၀၁၇၉၈၂(ကိုယ်စား) ဒေါ်နန်းဖြူဖြူပွင့်(ဘ)ဦးသန်းရှိန် ၁၂/လမန (နိုင်) ၁၀၉၇၁၃ မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၃၁၂/၂၀၁၁)တင်ပြ၍ မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း–၂၊ မြေကွက်အမှတ် (၁၇၃၇)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးကျော်သိန်း အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ဝါဝါဦး ၉/မနမ(နိုင်)၀၆၉၄၄၇ မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ကတိသစ္စာပြုလွှာ၊ ရပ်ကွက်ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/၂/လက်ပံခါးလှ(အောင်ဇမ္ဗူ)၊ မြေကွက်အမှတ်(၅၉)၊ ဧရိယာ ၀ ဒသမ ၉၇၆ ဧကရှိ ဦးမြင့်အောင်(ဘ)ဦးကောက်ရ ၉/ပမန(နိုင်)၁၂၃၈၂၁ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်မမ (ခ) ဒေါ်စပယ် (ဘ) ဦးကေဝမ်စို ၉/ပမန(ဧည့်)၀၀၀၀၃၆၊ ဒေါ်တင်အေး(ခ)ဒေါ်ခင်အေး (ဘ)ဦးကေဝမ်စို ၉/ပမန(ဧည့်)၀၀၀၀၃၇၊ ဒေါ်စန်းအေး(ဘ)ဦးကေဝမ်စို ၉/ပမန(ဧည့်)၀၀၀၀၃၅ တို့နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ချယ်ရီလမ်းသွယ်(၃)၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ အမှတ်(၄၆)နေ ဦးအောင်လင်းမောင် ၁၄/လမန(နိုင်)၀၇၃၃၈၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက် အမှတ်(၁၄–က/ထုံးဘိုရပ်)၊ ဦးပိုင်အမှတ်(၁၈–က/၂ + ၁၉–ခ)၊ မြေဧရိယာ ၀ ဒသမ ၁၃၇ ဧကအကျယ်အဝန်းရှိသော နေအိမ်အဆောက်အအုံနှင့်မြေကွက်အား မူလအမည်ပေါက်သူထံမှ ဆက်စပ်စာချုပ်ဖြင့်ဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်သန်းဝင်းမော် ၁၃/ဖခန(နိုင်)၀၀၈၄၄၃ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေအပေါ် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေယာအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စိုးမီမီအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၅၅၇)**
**အမှတ်(၆၅)၊ ရွှေညောင်ပင်လမ်း၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့**
**အမှတ်(၃ – ၅) ကားကြီးဝင်းအတက်လမ်း၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့**
**ဖုန်း – ၀၉-၄၀၂၅၄၅၇၈၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၃/ ပေါင်းလောင်း–၃၊ မြေကွက်အမှတ် (၇၆၇)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးထွန်းထွန်းဦး အမည်ပေါက်ပါမစ် မြေကွက်အား ဒေါ်ယဉ်သူဇာမော် ၁၂/ဥကတ(နိုင်) ၁၄၅၂၃၈ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သီရိရတနာမြို့မဈေး၊ ရုံအမှတ်(ဂ-၁၅)၊ ဆိုင်ခန်းအမှတ်(၁၁)အား နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ ဒေါ်အိအိဝင်း ၉/လဝန(နိုင်)၁၉၂၇၂၆ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ ဒေါ်သန္တာဆွေ ၉/လဝန(နိုင်)၁၅၁၆၇၄သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/ဥတ္တရသီရိအလယ်ရပ်) မြေကွက်အမှတ် ဥ-၅၄၈၃(စီ)နှင့် ဥ-၅၄၈၅(စီ)၊ ဧရိယာ ၀ ဒသမ ၄၅၉ကေရှိ မြေကွက် နှစ်ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား လက်ရောက်ပိုင်ဆိုင်ထားသူ ဒေါ်ဝိုင်းနန္ဒာဇော် ၉/ပမန(နိုင်)၁၅၈၄၈၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ၃၁-၁၀-၂၀၂၂ရက်တွင် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အပြီးသတ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးချစ်ဖြူ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၈၈၉)**
**အမှတ်(၇၂၃၂)၊ ကျိုင်းတုံလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊**
**ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၇၉၉၁၂၃၁၀၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေကွက်အမှတ် ပ-၃၃၅၃၉ ကို အမည်ပေါက် ဦးရဲမောင် (ဘ) ဦးသန်း ၁၂/လမန(နိုင်)၀၄၈၆၆၀ (ကိုယ်စား) ဒေါ်နန်းဖြူဖြူပွင့် (ဘ) ဦးသန်းရှိန် ၁၂/လမန(နိုင်)၁၀၉၇၁၃မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၄၀/၂၀၁၁) တင်ပြ၍ မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၅၆၃)၊ ဧရိယာ ၀ ဒသမ ၀၅၅ကေရှိ ဒေါ်ကုလားမ အမည်ပေါက် ပါမစ်မြေကွက်အား ဦးမျိုးလွင် ၉/ပမန(နိုင်)၀၄၄၃၀၁ မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး Wet-market ဆိုင်ခန်း ရုံ-၁၊ ဆိုင်ခန်းအမှတ်(၇)အား ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးအေး(၂)လမ်း၊ အိမ်အမှတ်(၆၀)နေ ဦးဇော်ဇော်ဦး ၁၂/လမန(နိုင်)၁၃၁၄၂၃ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ထန်းတပင်ကွက်သစ်၊ မြရွှေဝါလမ်း၊ အမှတ်(ဒ-၆၀၇၂)နေ ဦးသန်းထွန်းအေး ၁၂/မဘန(နိုင်)၁၂၄၆၉၆ သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၄၃၁၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ကေရှိ ဦးကျော်ဇေယျ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နွယ်နီဝင်း ၈/မကန(နိုင်)၁၇၂၈၁၅ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်ဆိုချက်၊ နှစ်ဦး နှစ်ဖက် သဘောတူ ကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှား စာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မကွေးမြို့၊ အောင်မေတ္တာ(ခ)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၁၆၅၅၊ အုတ်ဖိုကွင်း)၊ ဦးပိုင်အမှတ်(၁၂၁၀)၊ ဧရိယာ ၀ ဒသမ ၀၆၀ကေရှိ မြေကွက်ကို ဒေါ်စန်းစန်းယုအမည်ဖြင့် မြေဂရန်အသစ် ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများဖြင့် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ် ၁၀/ပဒေသာ၊ ဦးပိုင်အမှတ်(၇၃)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ကေရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးတင်ဝင်း ၉/မမန(နိုင်)၀၃၀၅၆၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## အကယ်ဒမီတံဆိပ်အမည်အမှတ်အသားနှင့် အမှတ်တံဆိပ်ကို အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်(၆၅၁)၊ ၇၈ လမ်း၊ (၃၇x၃၈)လမ်းကြားနေ ဦးသက်နိုင်(ဘ)ဦးသူတော် ၉/မရတ(နိုင်)၀၅၉၅၄၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။





(မှတ်ပုံတင်အမှတ်- ၃၃၄၀/၂၀၂၂)

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသက်နိုင်သည် အထက်ဖော်ပြပါရှိသည့် "အကယ်ဒမီ" ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် အမှတ်တံဆိပ်ကို မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၃၃၄၀/၂၀၂၂) ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီး အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် အမှတ်တံဆိပ်ကို ရွှေတုံး၊ ရွှေခဲများပေါ်နှင့် ရွှေများကို ထုပ်ပိုးရာတွင် အသုံးပြုသည့် ပလတ်စတစ်၊ ဂျပ်ဘူး၊ စက္ကူအိတ်များပေါ်တွင်လည်းကောင်း၊ ကြော်ငြာဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်တုံး ငွေပြေစာဖြတ်ပိုင်း စသည်တို့အပေါ်တွင် ကပ်နှိပ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား တုပသုံးစွဲ၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသက်နိုင်၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးနောင်ရိုးသိန်း (LL.B)** | **ဒေါ်တိုးတိုးလွင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၅၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၄၂)** |
| **ဒေါ်မေသက်နှင်း (LL.M)** | **ဒေါ်လဲ့မွန်မြင့် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၉၅၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၀၀၂)** |

**စန်းမန္တလာဥပဒေအတိုင်ပင်ခံနှင့် ဥပဒေအကျိုးဆောင်လုပ်ငန်း**
**အမှတ်(၃)၊ လမ်း ၇၀၊ (၃၁x ၃၂)လမ်းကြား ၊ ချမ်းအေးသာစံမြို့နယ် ၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၃၄၃၇၃၊ ၀၉-၄၄၄၀၄၄၄၃၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ယခင်ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ယခုဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၆)၊လူနေရပ်ကွက်အမှတ်(-)၊မြေကွက်အမှတ် (၆၆)/(၇၁)/(၇၂)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ) အကျယ်ရှိ မြေကွက်(၃)ကွက်၏ မြေချပါမစ်အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဦးမြင့်ဆွေ(TTA-၁၀၀၇၈၂)၊ ဦးထွန်းဝေ(CG-၀၈၆၆၂၆)နှင့် ဦးသန်းဌေး(CA-၀၄၇၃၄၇)တို့၏ မြေကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆိုပါအမည်ပေါက်သူ(၃)ဦးထံမှ တရားဝင်ဝယ်ယူပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ပန်းမြတ်နိုးခင်(၁၂/လမတ(နိုင်)၀၀၂၆၄၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးဆုံးသည် အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **ဦးဇော်မျိုးနိုင်** | လွှဲအပ်ညွှန်ကြားချက်အရ- | **ဦးတင်ကိုလှိုင်** |
| **LL.B, D.B.L** | | **LL.B** |
| အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) | | အထက်တန်းရှေ့နေ(စဉ်-၅၀၅၈၂) |

**အမှတ်(၇၂/မြေညီ)၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၂၅၀၉၇၁၇၂၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/4620 Toyota Crown JZS171, S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူဝင်း ၁၂/မဂတ(နိုင်)၀၅၆၀၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၇စီ/၂၅)၊ ရတနာလမ်း ကျောကပ်၊ အမှတ်(၂၅) (၁၀၀ပေx၁၀၀ပေ) ကျယ်ဝန်းသော ပါမစ်မြေအမျိုးအစားဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးမှာ ဗိုလ်မှူးချုပ်ဝင်းသိန်း ၁၀/ကထန(နိုင်)၀၅၇၆၂၃ အမည်ပေါက်လျက်ရှိသော မြေကွက်ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးကျိန်းချိုင် ၁၃/လရန(နိုင်)၁၀၃၀၇၈ မှ တရားဝင်ဝယ်ယူပိုင်ဆိုင်လာသူဖြစ်ပြီး အထက်ဖော်ပြပါမြေအား ၎င်းတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း၊ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းကြောင်းဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေအား ရောင်းချရာတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ စံတိုင်းကျော်ကုမ္ပဏီမှ ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ စရန်ပေးဝယ်ယူသည့်မြေနှင့် ပတ်သက်၍ ပိုင်ဆိုင်ပါကြောင်း၊ ပတ်သက်ပါကြောင်း အရေးဆိုခွင့်ရှိသူတို့သည် ခိုင်လုံသောအထောက်အထားအပြည့်အစုံ စာရွက်မူရင်းပြသပြီး ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ရက်ပြည့်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါမြေ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၀၊ ၃(ဘီ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၉၆၄၄၇၁၇၉၂၊ ၀၉-၄၄၅၇၄၉၀၉၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23W/39783 Yamaha WR 250R ယာဉ်လက်ဝယ်ရှိသူ Superior International Tra Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/84714 New Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အကွက်အမှတ် (၂၅/တရုတ်ဈေးတန်း)၊ ဦးပိုင်(၂၈/က)၊ ဧရိယာ ၀ ဒသမ ၄၉၀ ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၂၄၆-၅/၂၀၁၇-၁၈(အေ)ဖြင့် ဒေါ်သန်းသန်းဝင်းမှ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး ဒေါ်စောဟာ(ခ)သန်းသန်းဝင်းမှာ ၂၇-၁၀-၂၀၁၉ ရက်တွင်လည်းကောင်း၊ ခင်ပွန်း ဦးကျော်သန်း(ခ)ထန်တင်ဟုတ်မှာ၂၃-၃-၂၀၂၀ ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားပါသဖြင့် သား/သမီး ဦးကျော်ဌေးပါ(၅)ဦးမှ အမွေဆက်ခံစာချုပ်(၁၃၂၊/၂၀၂၂)ဖြင့် အမွေဆက်ခံပြီးနောက် ဦးကျော်ဆန်း၊ ဒေါ်နှင်းနှင်းသန်း၊ ဦးကျော်လင်း၊ ဒေါ်ရင်ရင်သန်းတို့မှ စွန့်လွှတ်ခြင်း စာချုပ်(၂၅၂၊/၂၀၂၂)ဖြင့် ဦးကျော်ဌေးထံ စွန့်လွှတ်ပေးပြီးဖြစ်၍ စွန့်လွှတ်ခြင်းခံရသူ ဦးကျော်ဌေး ၁၃/လရန(နိုင်)၀၈၃၈၆၄ အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ (အလက)မြို့မ-ဖဒို Grade (8) မှ မောင်ပြည့်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်လင်းထွန်း ၇/ကတခ(နိုင်)၁၂၀၆၁၉ ဖြစ်ပါသည်။

**ဦးအောင်လင်းထွန်း**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၆)၊ အကွက်အမှတ်(၄၉/ခိုလောင်းရပ်)၊ ဦးပိုင်(၁၇/က)၊ ဧရိယာ ၀ ဒသမ ၀၉၆ ကေရှိမြေကို မြေငှားဂရန် အမှုတွဲအမှတ် ၄၄၈-၅/၂၀၁၉-၂၀၂၀(အေ)ဖြင့် ဒေါ်ဆိုင်ခမ်း(ခ)အေးခမ်း ၁၃/လရန(နိုင်)၀၃၇၁၃၁ မှ အမည်ပေါက်ပိုင်ဆိုင်သောမြေတစ်စိတ်တစ်ဒေသဖြစ်သော ၀ ဒသမ ၀၄၁ ကို မြွက်ဟကြေညာစာချုပ်အမှတ် (၁၃၄IV/၂၀၂၂)ဖြင့် သမီး ဒေါ်နန်းရွှေမြ ၁၃/လရန(နိုင်)၀၃၇၈၁၀နှင့် ဒေါ်နန်းရွှေယု ၁၃/လရန(နိုင်)၀၃၇၀၃၆တို့အား မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းပြီးဖြစ်၍ ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း ခရိုင်ထွေ/အုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/2007 Honda Civic FD3, S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးရဲလင်းထိုက် ၁၁/တကန(နိုင်)၀၆၉၆၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ရပ်ကွက်(၁၂)၊ အကွက်အမှတ်(၃၂/ရှမ်းဈေးတန်း)၊ ဦးပိုင်(၃၁)၊ ဧရိယာ ၀ ဒသမ ၇၅၁ ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၁၄၆-၅၊ ၂၀၁၂-၁၃(အေ) ဖြင့် ဒေါ်အေးကျော် ၁၃/လရန(နိုင်)၀၆၁၄၀၃ အမည်ပေါက်မြေကွက်အား အရောင်းအဝယ် စာချုပ်အမှတ် ၄၅၇၊/၂၀၂၂ အရ ဦးရန်လောက်ရှမ်း ၁၃/လကန(နိုင်)၀၀၆၃၉၄ ထံသို့ ရောင်းချပြီးဖြစ်၍ ဦးရန်လောက်ရှမ်းအမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4M/7431 Honda INSIGHT2E2, Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေမောင် ၅/ကဘလ(နိုင်)၁၆၂၃၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/74273 Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၉/မနမ(နိုင်)၀၉၈၈၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၄၀)၊ ဦးပိုင်အမှတ်(၂၈-ခ)၊ လမ်း ၉၀ နှင့် ၉၁ လမ်းကြား၊ ၃၆ လမ်းနှင့် ၃၈ လမ်းကြားရှိ ဦးငွေ အမည်ပေါက် ဘိုးဘမြေကွက်အား ဦးစံ၊ ဒေါ်ဆင့်၊ ဦးငွေ(လူပျိုဘ၀)၊ ဦးသွယ်(ခ)ဦးသွဲ့၊ ဒေါ်ကွန်းရွှေတို့ကွယ်လွန်၍ ကျန်ရစ်သူ သား၊ သမီးများဖြစ်ကြသော ဦးစိန်မောင် ၉/မနတ(နိုင်)၀၆၄၈၁၄၊ ဒေါ်သန်းသန်းဌေး ၉/မနတ(နိုင်)၁၆၁၇၇၇ တို့က တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၄)၊ ဦးပိုင်အမှတ်(၁၀-က)၊ ၅၅x၅၆လမ်း၊ မင်းရဲကျော်စွာxဗထူးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်ကို ၉/ပသက(နိုင်)၀၃၇၈၅၈ က မြေချထားမိန့်၊ ငွေသွင်းပြေစာ၊ ဂရန်စာချုပ်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၄)၊ ဦးပိုင်အမှတ်(၄၈)၊ ၆၆ x ၆၇လမ်း၊ မင်္ဂလာ x စံပြ လမ်းကြားရှိ ဦးအောင်တင်အမည်ပေါက် တောဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးအောင်တင် ကွယ်လွန်သဖြင့် ကျန်ရစ်သော ဇနီးဖြစ်သူ ဒေါ်စန်းမြိုင် ၉/မနတ(နိုင်)၀၆၄၀၆၆ က တောဂရန်၊ ငွေသွင်းပြေစာမူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၆)၊ ဦးပိုင်အမှတ်(၉၂)၊ ၄၈ x ၄၉ လမ်းကြား၊ မနော်ဟရီလမ်း x နှင်းဆီလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်အေးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၅၆၇/၂၀၂၁)ဖြင့် ဝယ်ယူခဲ့သူ ဦးချော ၉/တသန(နိုင်)၁၁၅၄၉၃ က မြေချထားမိန့်မူရင်း ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ တောမှမြို့ပြောင်း၊ အမည်ပြောင်း လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့အတွက် တိုင်းပြည်ဟာ တည်ငြိမ်အေးချမ်းမှုရှိဖို့ လိုပါတယ်။ ပြည်သူလူထု တစ်ရပ်လုံးအနေနဲ့ မည်သည့်ပုံစံနဲ့မဆို ခြိမ်းခြောက်အကျပ်ကိုင်၊ ဖိအားပေးခံရမှုမရှိဘဲ မိမိဆန္ဒအတိုင်းမဲပေးဖို့ လိုအပ်ပါတယ်။ လာမယ့်အထွေထွေရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံး လွတ်လပ်ပြီး တရားမျှတစွာ နေရာအနှံ့ အကြားအလပ်မရှိ ကျင်းပနိုင်ရမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ တရားမျှတမှုနဲ့ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေမရှိစေဖို့အတွက် လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ နိုင်ငံရေးနဲ့ လုံခြုံရေးအခြေအနေ အမြန်ဆုံးတည်ငြိမ်ဖို့ ပြည်သူ့လုံခြုံရေးစနစ်ကို ကျွန်တော်တို့ မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ၂၀၂၃ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ အစည်းအဝေးကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၂၃ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၃ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန်

*စာမျက်နှာ ၈ ကော်လံ ၁* ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၃ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# မြန်မာအသင်းများ ယှဉ်ပြိုင်မည့် အာရှဖလား ယူ-၂၀ နှင့် ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

အာရှဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် ၂၀၂၄ အာရှဖလား ယူ-၂၀ နှင့် ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အုပ်စုမဲခွဲပွဲကို နိုဝင်ဘာ ၃ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့ပြီး မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အုပ်စုမဲခွဲမှုအရ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲတွင် မြန်မာအသင်းသည် မလေးရှား၊ ပါကစ္စတန်၊ ကမ္ဘောဒီးယား၊ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတွင် မြန်မာအသင်းသည် အိန္ဒိယ၊ ကာဂျစ္စတန်တို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။ အာရှဖလား ယူ-၁၇

*စာမျက်နှာ ၉ ကော်လံ ၁* ●

ယနေ့ သတင်းအညွှန်း

ဝေဘာဂီအထူးကုဆေးရုံကြီး အဆင့်မီဆေးကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကျင်းပ
စာမျက်နှာ - ၁၀

................................

ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများ ကျူးလွန်ခဲ့ပြီး ဘဏ်နှင့် ရွှေဆိုင်များအား ဓားပြတိုက်လုယက်မှုများ ကျူးလွန်ရန် စီစဉ်လျက်ရှိသည့် ဒလ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ
စာမျက်နှာ - ၁၃